ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (6-2-2004) (၄၁၃၈)

ဒါနဉ္စ
တေံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကျိုးစီးပွားနှင့် ဒေသအကျိုးစီးပွားတို့ကို အညီအညွတ်ပေါင်းစပ်

ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် မွန်မြတ်မြင့်မားသော အမျိုးသားရေးမူဝါဒများ၊ အမျိုးသားရေးဦးတည်ချက်များကို ထက်ကြပ်မကွာ လိုက်နာအကောင်အထည်ဖော်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ ဆိုက်ရောက်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာအသီးသီးတွင် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသအကျိုးစီးပွားတို့ကို အညီအညွတ်ပေါင်းစပ်၍ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၅

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်ဉ္စကျောင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကိုဆို

သတင်း၊ ဆောင်းပါး အညွန်း

"ဒီကနေ့ အနောက်စာနယ်ဇင်းတွေ အပါအဝင် မီဒီယာတွေ (သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်၊ ဂြိုဟ်တုသတင်း၊ သတင်းအေဂျင်စီ၊ သတင်းဌာနတွေ)ဟာ အဲဒီ သူတို့ဖော်ခဲ့တဲ့ဆေး သူတို့စားကြသေးရဲ့လားလို့ ဆန်းစစ်ကြည့်ရင် သူတို့ဟာ စာနယ်ဇင်းကျင့်ဝတ်တွေကို အမှိုက်ခြင်းထဲ ထည့်ပစ်လိုက်ကြပြီလို့ ပြောလို့ရပါတယ်"

သတင်းထောက် သက်ရှည်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"နယ်ချဲ့မီဒီယာတို့ ဖြိုခွဲသော်လည်း မပြိုကွဲနိုင်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှု"**ကို စာမျက်နှာ (၈)နှင့် (၉)တို့တွင် ဖော်ပြထားပြီး **"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**ကို စာမျက်နှာ (၇)တွင် ဖော်ပြထားပါသည်။ **(ကြေးမုံ)**

အဆိုပါ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်သို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ထေရဝါဒဩဝါဒါစရိယအဖွဲ့နှင့် ရန်ကုန်တိုင်းဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့တို့မှ ဆရာတော်ကြီးများ စုစုပေါင်း ၄၅ပါးကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆–၂–၂၀၀၄
(သောကြာနေ့)

ကဏ္ဍအလိုက် ရည်မှန်းချက်များအောင်မြင်ရေး စုပေါင်းဦးဆောင် တာဝန်ယူဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပါဝင်ကြိုးပမ်းမှုစွမ်းအားဖြင့် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်တစ်ဝန်းလုံး၌ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ စီးပွားရေး အခြေခံအဆောက်အအုံများအနက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးရင်းနှီးမြှုပ်နှံ ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးတွင် အခြေခံဖြစ်သည့် ကျေးလက်ဒေသများ၌ မိရိုးဖလာ သမားရိုးကျနည်းလမ်းများကို ချဲ့ထွင်၍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးနည်းပညာသစ်များ၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ၊ လယ်ယာလုပ်ငန်းသုံး ခေတ်မီစက်ကိရိယာများ အသုံးပြု ဆောင်ရွက်သွားနိုင်ရေးတို့အတွက် အားပေးကူညီလျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အမျိုးသားစီမံကိန်းများ စီမံချမှတ်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံးသို့ အခြေခံအဆင့် ကျေးလက်ဒေသများအထိသွားရောက်ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီလ ၃၀ရက်နှင့် ၃၁ ရက်နေ့က မန္တလေးတိုင်း လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်တို့သို့ သွားရောက်၍ လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့ ပြည်သူ့ဆေးရုံ၊ ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံ၊ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းကဏ္ဍအလိုက် ရည်မှန်းချက်များ အောင်အောင်မြင်မြင် အကောင်အထည်ပေါ်လာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

ပျဉ်းမနားမြို့အရှေ့ဘက် ပေါင်းလောင်းမြစ်ပေါ်တွင် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကြီးပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ဆည်မြောင်းဦးစီးဌာနက ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ရေအားလျှပ်စစ်ဦးစီးဌာနက ရေလွှဲဥမင်လိုဏ်နှင့် ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ၊ မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကေဗွီ ၂၃၀ ဓာတ်အားလိုင်းနှင့် ပျဉ်းမနားဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် လုပ်ငန်းပမာဏ ကြီးမားလှသည်ဖြစ်ရာ ဆည်မြောင်းလုပ်ငန်းများ၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထား ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားစေရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိချိန်တွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးတို့ကလည်း လုပ်ငန်းကဏ္ဍအလိုက် ရည်မှန်းချက်များ အောင်မြင်စေရေး စုပေါင်းဦးဆောင်တာဝန်ယူ ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၄ မှ ၁၆–၂–၂၀၀၄
အချိန် – နံနက် (၀၉:၀၀)နာရီမှ ညနေ (၁၇:၀၀)နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်–

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဒေါက်တာဦးစိုးနောင်	ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ) ဒေါက်တာဦးမြတ်မိုး	ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
(၈–၂–၂၀၀၄)ရက်
နှင့်
(၂၉–၂–၂၀၀၄)ရက်

---

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ပြည်ထောင်စု၏မိုးကောင်းကင်

★ ချင်း ကချင် ကရင် ကယားနဲ့
တိုင်းရင်းသား စုံလင်စွာ။
ဗမာ မွန် ရခိုင် ရှမ်း
စိတ်ဝမ်းညီညာ။
နှစ်ပေါင်းရယ် ရှည်ကြာ
ဤမြေမှာ တို့မခွဲ။
ဥမကွဲ သိုက်မပျက်
တွဲလက်ခိုင်မြဲ။

★ သူကကူ ကိုယ်ကဝိုင်းလို့
ရိုင်းပင်းတော့ ညီညာ
ပြည်မြန်မာ ခွန်အား။
လမ်းတံတားရယ် တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများနှယ် တစ်ပွင့်ပြီးတစ်ပွင့်
ထူးတင့်လှသား။

★ ပြည်မြန်မာ စိမ်းလန်းအေးတော့
ငြိမ်းချမ်းရေး တေးဝတ်မှုန်
ဆွတ်ထုံလို့ အလှကျင်း။
ကမ္ဘာမှာ ကျော်ကြားတဲ့
ပတ္တမြား နီလာနဲ့
ကျောက်စိမ်း အစုံပါကွဲ့
တို့ပြည်မှာ သယံဇာတ
ကြွယ်ဝဘိခြင်း။

★ တိုင်းရင်းသား ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု မိုးကောင်းကင်။
နေ လ ကြယ် သွယ်သွယ်လင်း
ဝင်းပကြည်လင်။
အသီးက တစ်ရာတွင်
အညှာလျှင် တစ်ခုမို့။
ညီလည်း အတူပါကွဲ့
နောင်လည်း အတူပါကွဲ့
ပြည်မြန်မာ စည်သာဖြိုးအောင်
ကြိုးစားကြစို့။ ။

စိုးမိုး(ပုသိမ်)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးစိုင်းမွန်း ခေါင်းဆောင်သော မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့နှင့် ဦးလောမားခေါင်းဆောင်သော မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသားအဖွဲ့များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့နှင့် မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသားအဖွဲ့ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဦးစိုင်းမွန်းခေါင်းဆောင်သော မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့နှင့် ဦးလောမားခေါင်းဆောင်သော မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသားအဖွဲ့များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

တက်ညီလက်ညီ ပူးပေါင်းပါဝင်မည်

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးစိုင်းမွန်း ခေါင်းဆောင်သော မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မသိသူကျော်သွား၊ သိသူချက်စား

မျိုးသာခင်

မောင်ကြာရိုးနဲ့ မကြာပွင့်တို့လင်မယား ဈေးထဲဈေးဝယ်သွားရာမှာ လူတွေ တန်းစီဝယ်နေကြတာကြောင့် စူးစမ်းကြည့်တော့ ငါးရောင်းတဲ့ ဒေါ်မှိုင်မှာ ပြုံးဖြီးဖြီးကြီးဖြစ်နေပြီး သူ့ငါးတွေကို လူတွေက အလကားရသလို ဆိုသမျှဈေးပေးပြီးအလုအယက်ဝယ်နေကြတာတွေ့ရတယ်။ အရင်က သူ့ပြဿနာနဲ့သူ တမှိုင်မှိုင်တတွေတွေ နေတတ်တဲ့ ဒေါ်မှိုင်ဟာ အခုတော့ ဒေါ်လှိုင်ဖြစ်နေပေပြီကိုး။ ဈေးဝယ်သူတွေကို အထက်စီးက ကြည့်နေတတ်တဲ့ ဒေါ်မှိုင်ဟာ တစ်ခါက မကြာပွင့်နဲ့ စကားများဖူးတာကြောင့် မောင်ကြာရိုးက ကြည့်မရဘူး။ သူ့ငါးတော့ ဝယ်မစားဘူး။ ကြက်သားပဲ ဝယ်စားမယ်ဆိုပြီး ကြက်သားဆိုင်ကို လှမ်းကြည့်တဲ့အခါ ကြက်သားသည် ဒေါ်ဖြိုးဟာ ခုတော့ မီးခိုးမှိုင်းတိုက်ထားတဲ့ မျက်နှာနဲ့ ဒေါ်ငိုင်ဖြစ်နေသည်။ မောင်ကြာရိုးရဲ့ မျက်ဆံတို့မှာ မျက်လုံးအိမ်အတွင်း တစ်ဖက်က နာရီလက်တံသွားသလိုလို၊ ကျန်တစ်ဖက်က နာရီလက်တံ ပြောင်းပြန်လှည့်နေသလိုလို တစ်ပတ်၊ နှစ်ပတ်၊ သုံးလေးပတ်လည်ပြီး ရပ်သွားချိန်မှာ အတည့်ပြန်မရောက်ဘဲ ထော်လော်ကန့်လန့် စောင်းသွားတဲ့အတွက် တွေ့သမျှ မြင်သမျှ ဇောက်ထိုးပြောင်းပြန်ဖြစ်ကုန်တယ်။ ကိုယ့်မျက်လုံးနှစ်ဖက်ကို အလျင်စလို ပြန်တည့်လိုက်ရတယ်။ ဒီအချိန်မှာ ဈေးခေါင်းကိုခွေးပုဟာ ဒေါ်မှိုင်ဆိုင်က ခပ်မြူးမြူးထွက်လာတာမြင်လို့ လက်မောင်းကို လှမ်းဆွဲပြီး စူးစမ်းလိုက်ရတယ်။

"ဘယ်လိုဖြစ်တာလဲလို့"

"ကြက်ဖလူးဗျ"

"ဆိတ်ဖလူးပဲ ကြားဖူးပါတယ်ဗျ၊ ကျုပ်အိမ်မှာ ညတိုင်း မွေးနေတာလေ"

ကိုခွေးပုက အူကြောင်ကြောင် လှည့်ကြည့်ပြီး-

"ကြာရိုး-ကြာရိုးနဲ့ ကြာလေ ရိုးလေ၊ အရိုးလွန်တော့ အ,လေပါပဲလား၊ အာရှနိုင်ငံတွေမှာ ကြက်တုပ်ကွေးဖြစ်လို့ ဘယ်သူမှ ကြက်သား မစားကြတော့ဘဲ ငါးစိမ်းတန်းမှာပဲ တိုးနေကြတာ"

"ဗျာ၊ ကြက်တွေ သူ့ဟာသူ တုပ်ကွေးဖြစ်တာ၊ အင်ဇာတို့၊ ဘာတို့ဆိုတဲ့ ဆေးတွေရှိပါ့ဗျာ၊ ကြက်တွေ သူတို့ဟာ သူတို့ ဝယ်သောက်ကြမှာပါ"

"ခင်ဗျားနော် အူသလိုလိုနဲ့ လူလည်မလုပ်နဲ့၊ အသားစားကြက်တွေက ဘယ်လိုလုပ် ဆေးဝယ်သောက်မှာလဲ၊ ဖယ်စမ်းပါဗျာ"

"ဒါနဲ့-နေပါဦး၊ ကြက်ဥ၊ ဘဲဥဈေးကော ကျသွားသလား"

"မကျဘူးဗျ၊ ခင်ဗျား ဈေးနှုန်းတွေသိချင်ရင် ဆိုင်တွေလိုက်မေးဗျာ၊ ကျုပ်ရလာတဲ့ငါးတွေ မိန်းမဆီ ပြန်ပို့တာနောက်ကျနေရင် ခွေးပုတို့ ဘေးထုခံနေရဦးမယ်"

မြတ်စွာဘုရား၊ ကြက်သားဈေး ထိုးကျသွားပေမယ့် ကြက်ဥဈေးတော့ မကျဘူးဆိုပါလား။

"မကြာပွင့်ရေ၊ ဒီတစ်ခါ တို့အလှည့်ဟေ့၊ ကြက်သားဝယ်ရအောင်"

"ရှင်ကလဲ ကြည့်လုပ်ပါဦးတော့"

"လာစမ်းပါကွာ၊ ဟိုမှာ ဒေါ်ဖြိုးကြီး သနားစရာ"

ဒေါ်ဖြိုးဆိုင်ရောက်တော့ မျက်နှာလေးက အကင်းမှည့်ဩဇာသီးလို ညိုမည်းရှုံ့တွ ရင့်ထော်နေတာ တွေ့ရတယ်။

"ဒေါ်ဖြိုး ကြက်သား ငါးဆယ်သားပေးဗျာ"

"ရော့ ယူပါတော်၊ ကိုယ့်ဖောက်သည်တွေပဲ၊ မောင်မင်းကြီးသား ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကြိုက်တတ်ရင် ဟောဒီ တောင်ပံနဲ့ ခြေထောက်တစ်ပုံလုံးမှ တစ်ရာပဲပေး"

မောင်ကြာရိုးက တစ်ထောင်တန်တစ်ရွက် ထုတ်ပေးပြီး ပြန်အမ်းငွေကိုတောင် ရေတွက်ကြည့်မနေဘဲ ဒေါ်ဖြိုးပေးသမျှ အိတ်ထဲပြန်ထည့်ပြီး ဟင်းရွက်တန်းဘက်လှည့်လာခဲ့တယ်။

"ဒီမှာရှင့် ကိုကြာရိုး၊ လူတကာက သေမှာ ကြောက်ပြီး ကြက်သားမစားတာ မသိဘူးလား၊ ရှင်ကလည်း ကိုခွေးပုပြောသလို အ,လှ၊ န,လှချည်လား"

"မင်းမသိပါဘူး၊ အသာနေပါ၊ ဒီတစ်ခါ တို့အလှည့်ကွ"

"ဆိုစမ်းပါဦး၊ တော့်ဟာက ကျုပ်ဖြင့် မစားရဲပေါင်"

"တို့နိုင်ငံမှာ ကြက်ဖလူးလည်း မဖြစ်၊ ငှက်ဖလူးလည်း မဖြစ်၊ အေး-ဖြစ်တော့ရော၊ ငါမေးကြည့်ပြီးပြီ တိရစ္ဆာန်ဆရာဝန်ကို၊ ကြက်ဖလူးဖြစ်နေတဲ့ ကြက်တောင် ၅၆ ဒီဂရီစင်တီဂရိတ်ပြုတ်ရင် ဗိုင်းရပ်စ်ဟာ ငါးမိနစ်ပဲ အသက်ရှင်တယ်တဲ့၊ ၁၀၀ ဒီဂရီစင်တီဂရိတ်ချက်ရင် နှစ်မိနစ်ပဲ အသက်ရှင်တယ်တဲ့။

"ကျုပ်တို့ချက်တာက အပူဒီဂရီမှ မတိုင်းတာဘဲ ဘယ်လိုလုပ် ရှင့်စင်တီဂရိတ်တွေ သိမှာလဲ"

"မင်းဟင်းချက်တဲ့အခါ ပွက်ပွက်ဆူပြီး နူးနပ်နေအောင် မချက်ဘူးလား"

"ချက်တာပေါ့တော်၊ ကျုပ်တို့က အသားကို မကျက်တကျက် စားတတ်တဲ့အမျိုးမှ မဟုတ်တာ"

"အေး-ဟင်းအိုးမှာ စပွက်တာနဲ့ ၁၀၀ ဒီဂရီပဲ၊ နှစ်မိနစ်ကြာရင် ဘာဗိုင်းရပ်စ်မှ မရှင်နိုင်တော့ဘူး၊ လူကိုလည်း မကူးနိုင်တော့ဘူး၊ အသားနူးပြီး ဆီပြန်သွားလို့ကတော့ ဘုတ်ဆုံမနဲ့ အုပ်လိုက်ရရင်"

"ဘာလဲတော့ ဘယ်က ဘုတ်ဆုံမလဲ"

"ဟင်းမွှေး မဆလာလေကွာ"

"တော်ပြောနေတာတွေ တကယ်လား"

"**မသိသူကျော်သွား၊ သိသူချက်စားပေါ့ကွာ**၊ တို့မြန်မာရဲ့ ချက်ပြုတ်စားသောက်မှုစတိုင်နဲ့ ဘာမှမကူးနိုင်ဘူး၊ ပြီးတော့ တို့နိုင်ငံဟာ ကပ်ကြီးသုံးပါး ကျော်နိုင်လွှားနိုင်တဲ့နိုင်ငံကွ"

"ဟုတ်ပါ့တော်၊ နောက်ဆုံးစကားနဲ့တင် ယုံကြည်စိတ်ချသွားပြီ ကိုကြာရိုးရေ၊ နောက်ကို နေ့တိုင်း ရှင့်ကို ကြက်သားချက်ကျွေး ဦး မှာ"

"ကျွေး------"

နိုင်ငံခြား သတင်းများ

ဒိန်းမတ်ကယ်ဆယ်ရေးအဖွဲ့ တိုက်ခိုက်ခံရ အီရတ်ရှိ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ရပ်ဆိုင်းရ

ကိုပင်ဟေဂင် (ဒိန်းမတ်) ဖေဖော်ဝါရီ ၃

ဒိန်းမတ်နိုင်ငံမြို့တော် ကိုပင်ဟေဂင်တွင် အခြေစိုက်သော ဒိန်းမတ်ကယ်ဆယ်ရေးအဖွဲ့သည် အီရတ်နိုင်ငံတွင် ၎င်းတို့ဆောင်ရွက်လျက်ရှိသော မိုင်းရှင်းလင်းရေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်ကြောင်း တနင်္လာနေ့က ကြေညာသည်။ ထိုအဖွဲ့ အသုံးပြုနေသောကားကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် ဗုံးအသုံးပြုကာ တိုက်ခိုက်ခံခဲ့ရ၍ လူသုံးဦး ဒဏ်ရာအနည်းငယ်စီရရှိသွားသော အဖြစ်အပျက်ဖြစ်ပေါ်ခဲ့သည်။ ထိုအဖြစ်အပျက်ပေါ်ပေါက်ခဲ့ပြီးနောက် ယခုကဲ့သို့ မိုင်းရှင်းလင်းရေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဒိန်းမတ်ကယ်ဆယ်ရေးအဖွဲ့၏ အမည်မှာ ဒိန်းချာ့ဒ်အိတ်ဖြစ်ပြီး ၎င်းမှာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည်ဟုဆိုသည်။ ယခု အချိန်အထိ ထိုအဖွဲ့အတွက် အကြီးမားဆုံးရင်ဆိုင်ရသော အန္တရာယ်မှာ သူခိုးဓားပြများ၏ အန္တရာယ်ပင်ဖြစ်သည်ဟု အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ လင်နက်ကောဗ်ဟန်ဆန်က ပြောကြားသည်။

လုံခြုံမှုမရှိ

တနင်္ဂနွေနေ့က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုကြောင့် ကားအတွင်းသို့ ဗုံးစများလာရောက် ထိမှန်ခဲ့သည်။ ထိုဗုံးမှာ လက်လုပ်ဗုံးဖြစ်ဟန်ရှိသည်ဟု ဆိုသည်။ မိမိတို့ကို တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင် အများအပြားက အကာအကွယ် ပေးထားသည့်တိုင်အောင် လုံခြုံမှုမရှိခဲ့ပါဟု ဟန်ဆန်က ဆက်လက်ပြောကြားသည်။

ယင်းအဖွဲ့၏ မိုင်းရှင်းလင်းရေးလုပ်ငန်းတွင် လူ ၁၄ ဦးပါဝင်သည်။ အဖွဲ့ဝင်များအဖြစ် ဆွီဒင်၊ ဒိန်းမတ်၊ ဗြိတိန်၊ ကနေဒါနှင့် ဒတ်ချ်လူမျိုးများ ပါဝင်ကြကြောင်း သိရသည်။ ထိုအဖွဲ့သားအားလုံးကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်ပို့လိုက်ပြီဖြစ်ကြောင်း ချာ့ဒ်အိတ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုအဖွဲ့သည် အဖွဲ့ဝင်အင်အား ၅၀ ခန့်ဖြင့် ဘာဆရာမြို့တွင် နေထိုင်ပြီး ဆေးရုံနှင့် ကျောင်းများအနီးရှိ မပေါက်ကွဲသေးသော ခဲယမ်းများကို ရှင်းလင်းခြင်း၊ ရေပေးဝေရေးနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအချိန်အထိ ချာ့ဒ်အိတ်အဖွဲ့သည် ၎င်း၏ ရေနှင့်သန့်ရှင်းရေး လုပ်ငန်းများကို ရပ်ဆိုင်းခြင်းမရှိသေးပါဟု ဟန်ဆန်ကဆိုသည်။ ထိုလုပ်ငန်းများကို အဓိကအားဖြင့် အီရတ်လူမျိုးများက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဒိန်းမတ်နိုင်ငံသည် အီရတ်နိုင်ငံ ဘာဆရာမြို့နှင့် ကွာနာမြို့ဝန်းကျင်တွင် တပ်ဖွဲ့ဝင် ၄၁၀ ဦးကို စေလွှတ်တာဝန်ချထားကြောင်း သိရသည်။ ထိုမြို့မှာ ဘဂ္ဂဒက်၏ အရှေ့တောင်ဘက် မိုင် ၂၃၀ အကွာတွင် တည်ရှိသည်။

အင်တာနက်။

အီရတ်သတင်းကိစ္စ ဘီဘီစီကို ဗြိတိသျှအစိုးရအနိုင်ကျင့်ဗိုလ်ကျ ရာထူးမှထွက်သွားသူ ဘီဘီစီညွှန်ချုပ်ပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၃

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အစိုးရက အီရတ်သတင်းရယူ ထုတ်လွှင့်မှုနှင့်စပ်လျဉ်း၍ ဘီဘီစီအပေါ်တွင် စီမံကိန်းချကာ အနိုင်ကျင့်ဗိုလ်ကျကြောင်း၊ ရပ်တည်ချက်အမြင် သွပ်သွင်းရန်လည်း မကျေနပ်ချက်များဖြင့် တရစပ်ထိုးနှက်ကြောင်းဖြင့် ဘီဘီစီညွှန်ကြားရေးမှူးချုပ်ဟောင်း ဂရက်ဒိုက်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဗြိတိန်လက်နက်ပါရဂူ ဒေးဗစ်ကယ်လီ ကိုယ့်ကိုယ်ကိုသတ်သေမှုကို စုံစမ်းသည့် လော့ဒ်ဟတ်တန်က ဘီဘီစီကို ဝေဖန်ပြီးနောက် ဂရက်ဒိုက်သည် လွန်ခဲ့သည့်ရက်သတ္တပတ်က ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ဘီဘီစီနှင့်ဗြိတိန်အစိုးရတို့အကြား ဖြစ်ပွားသော အငြင်းပွားမှု တစ်လျှောက်လုံး ဝန်ကြီးချုပ်တိုနီဘလဲ၏ ထိပ်တန်းစည်းရုံးရေးမှူးဖြစ်သူ ကမ်းဘဲက စာတိုစာရှည်များ တစ်စောင်ပြီးတစ်စောင် ပေးပို့ကန့်ကွက်ခဲ့ကြောင်း၊ ကမ်းဘဲ၏ရည်ရွယ်ချက်သည် ဘီဘီစီကို ကြောက်ရွံ့သွားစေရန်ဖြစ်ကြောင်း သို့မှသာ ဘီဘီစီအနေဖြင့် စိတ်ကြိုက်သတင်းကိုမထုတ်လွှင့်ဘဲ၊ သူတို့အကြိုက် သတင်းများကိုသာ လွှင့်ထုတ်လာစေရန်ဖြစ်ကြောင်း ဂရက်ဒိုက်က ပြောကြားလိုက်သည်။

အီရတ်ကိုဝင်တိုက်ရန် အစိုးရက အရှိထက်ပိုပြီး မဟုတ်မဟပ်ပုံကြီးချဲ့သည်ဆိုသော သတင်းထုတ်လွှင့်ချက်အတွက် လော့ဒ်ဟတ်တန်၏စုံစမ်းရေးအဖွဲ့က ဘီဘီစီကို ပယ်ပယ်နယ်နယ် ဝေဖန်ရှုတ်ချခဲ့သည်စသည်ဖြင့် ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ဖေဖော်ဝါရီ ၃ ရက်က အီရတ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ဆန့်ကျင်သည့်အနေဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကျင်းပစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၏ ရှုပ်ထွေးသည့် အခြေအနေကိုစိုးရိမ် အချုပ်အခြာအာဏာပိုင်မှု အမြန်ဆုံးဖော်ဆောင်သင့်ဟု ရုရှားနှိုးဆော်

မော်စကို ဖေဖော်ဝါရီ ၃

ရုရှားနိုင်ငံခြားရေးဝန်ကြီး အိုင်ဗန်နော့ဗ်က အီရတ်နိုင်ငံ၏ ရှုပ်ထွေးပွေလီသော အခြေအနေနှင့် ပတ်သက်၍ စိုးရိမ်မှုဖြစ်မိကြောင်း တနင်္လာနေ့က ထုတ်ဖော်ပြောကြားပြီး အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုရရှိရေးကို အမြန်ဆုံး ဖော်ဆောင်သင့်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်သည်။

ဘီလာရုပ်စ်နိုင်ငံသို့ တရားဝင် အလည်အပတ်ခရီးသွားရောက်နေသည့် အိုင်ဗန်နော့ဗ်က အီရတ်တွင် မကြာမီကာလက အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်နေစဉ် ဖော်ပြပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ အခြေအနေသည် ဆက်လက်၍ အလွန်အမင်း ရှုပ်ထွေးနေသည့်အချိန်တွင် မကြာမီက ပေါ်ပေါက်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများက အီရတ်နိုင်ငံတွင် တည်ငြိမ်မှုနှင့် ပတ်သက်ပြီး ဝေဖန်ပြောကြားရန် စောလွန်းနေသေးကြောင်း မီးမောင်းထိုးပြသနေခြင်းဖြစ်ကြောင်း အိုဗန်နော့ဗ်၏ ပြောကြားချက်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကား၍ ဖော်ပြသည်။

အီရတ်နိုင်ငံက ၎င်း၏ အချုပ်အခြာအာဏာပိုင်စိုးရေး ပြန်လည်ရရှိခဲ့ပြီးနောက် ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်မှ အီရတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးပြန်လည်တည်ဆောက်ရေးကိစ္စများတွင် အခြားနိုင်ငံများနှင့်အတူ ရုရှားနိုင်ငံက ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု ကတိကဝတ်ပြုပါကြောင်း ၎င်းကပြောကြားသည်။

မိမိကြမ္မာ မိမိဖန်တီးနိုင်ရေး ကိစ္စဆုံးဖြတ်နိုင်သည့် အီရတ်ပြည်သူလူထု၏ အချုပ်အခြာအာဏာပိုင်စိုးမှု အခွင့်အရေးအမြန်ဆုံးပေါ်ထွန်းလာမည်ဟု မိမိမျှော်လင့်ကြောင်း ဘီလာရုပ်စ် နိုင်ငံခြားရေးဝန်ကြီး မာတီနော့ဗ်က အိုင်ဗန်နော့ဗ် ပြောကြားချက်နည်းတူ ထုတ်ဖော်ပြောကြားသည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်ပြီး စစ်ရေးအရ တိုက်ခိုက်မှုကို ရုရှားနိုင်ငံက အပြင်းအထန်ကန့်ကွက်ခဲ့ပြီး အီရတ်နိုင်ငံစစ်ပွဲလွန်ခေတ် ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ထပ်တလဲလဲတောင်းဆိုခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံတွင် အပျက်လက်နက်ရှိ၊ မရှိ ဆုံးဖြတ်ရေး အလျင်အမြန် ဆောင်ရွက်ရန် လိုအပ်ဟု ရုရှားတိုက်တွန်း

မော်စကို ဖေဖော်ဝါရီ ၄

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံတွင် အစုအပြုံလိုက် လူသေစေနိုင်သည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ)ရှိ၊ မရှိ နောက်ဆုံးအဆုံးသတ်ရေးကို အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဖီဒိုတော့ဗ်က အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

အီရတ်နိုင်ငံအား ကန့်သတ်အရေးယူမှုများ ရုပ်သိမ်းခဲ့ပြီး လက်နက်ဖျက်သိမ်းရေး လုပ်ငန်းစဉ်လည်း တရားဝင်အားဖြင့် ပြည့်ပြည့်စုံစုံပြီးမြောက်ခြင်းမရှိဘဲ အခြေအနေမှာ မပြတ်မသား ဝိုးတဝါးရှိနေကြောင်း ဖီဒိုတော့ဗ်က ကုလသမဂ္ဂ စောင့်ကြည့်လေ့လာရေး အတည်ပြု စစ်ဆေးရေးနှင့် စစ်ဆေးရေးကော်မရှင်(အန်မိုဗစ်) ယာယီဥက္ကဋ္ဌ ပါရီကိုစ်နှင့် တွေ့ဆုံ မဆွေးနွေးမီ ပြောကြားသည်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကား ဖော်ပြသည်။

အဆုံးသတ်ဆောင်ရွက်

ရှည်ကြာနေပြီဖြစ်သည့် ဖော်ပြပါ ဒဗလျူအမ်ဒီ ပြဿနာ အဆုံးသတ်ချိန်တန်ပြီဖြစ်ကြောင်း၊ ယခုအခါ အန်မိုဗစ်အနေဖြင့် အီရတ်နိုင်ငံဆိုင်ရာ ယင်းကိစ္စနှင့်ပတ်သက်၍ မည်သို့ မည်ပုံ အဆုံးသတ်ဆောင်ရွက်မည်ကို ဆုံးဖြတ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဖီဒိုတော့ဗ်က ဆက်လက်ပြောကြားသည်။

တိုက်တွန်းနှိုးဆော်

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများအနေဖြင့် ဘေးဒဏ်သင့်နေသည့် အီရတ်နိုင်ငံသို့ ပြန်လည်သွားရောက်ကြရန်ကိုလည်း ဖီဒိုတော့ဗ်က တိုက်တွန်းနှိုးဆော်သည်။

ထပ်လောင်းပြောကြား

အဆိုပါ လက်နက်များ အီရတ်နိုင်ငံတွင် ရှာဖွေမတွေ့ရှိပါက အန်မိုဗစ်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အစီရင်ခံစာ တင်သွင်းသင့်ကြောင်း၊ သို့မှသာ လိုက်လျောညီထွေရှိမည့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အတည်ပြုပေး

အမေရိကန် ဦးဆောင်တပ်ဖွဲ့များက ယင်းလက်နက်မျိုးသို့တည်းမဟုတ် အခြားပစ္စည်းများ တွေ့ရှိပါက ယင်းတွေ့ရှိမှုကို မှန်ကန်ကြောင်း ဖော်ပြကာ နိုင်ငံတကာမှ လွတ်လပ်သည့် ကျွမ်းကျင်သူများက အတည်ပြုပေးရမည်ဖြစ်ပြီး ယင်းပြဿနာကို အမြန်ဆုံး ကြေညာရမည် ဖြစ်ကြောင်း ဖီဒိုတော့ဗ်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တိုက်ခိုက်မှုပြမြေပုံ

ရက်သတ္တပတ်ကုန်ပိုင်းက အီရတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများပြသည့်မြေပုံ။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၅၂၈ဦးရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ချိန်မှစ၍ ယနေ့အထိ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၅၂၈ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ကြေညာချက်အရ သိရသည်။ ၎င်းတို့မှာ ၂၀၀၃ ခုနှစ် မတ်လတွင် ၆၅ ဦး၊ ဧပြီလတွင် ၇၃ ဦး၊ မေလတွင် ၃၇ ဦး၊ ဇွန်လတွင် ၂၉ ဦး၊ ဇူလိုင်လတွင် ၄၆ ဦး၊ သြဂုတ်လတွင် ၃၅ ဦး၊ စက်တင်ဘာလတွင် ၃၀၊ အောက်တိုဘာလတွင် ၄၃ ဦး၊ နိုဝင်ဘာလတွင် ၈၂ ဦး၊ ဒီဇင်ဘာလတွင် ၄၀၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် ၄၅ ဦးနှင့် ဖေဖော်ဝါရီ ၃ ရက်ထိ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသည်။

အင်တာနက်။

နိုင်ငံခြားသတင်းများ

အမေရိကန်တပ်ဖွဲ့များ ဖမ်းထားသည့် ရိုက်တာသတင်းဌာနဝန်ထမ်း သုံးဦးကို တော်တည့်မှန်ကန်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးရန်တောင်းဆို

လန်ဒန် ဖေဖော်ဝါရီ ၄

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးထားသည့် ရိုက်တာသတင်းဌာနမှ ဝန်ထမ်းသုံးဦးအား ထိပ်တန်းအဆင့်မြင့် ပုဂ္ဂိုလ်များပါဝင်သည့် စနစ်ကျပြီး တော်တည့်မှန်ကန်သော စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးသင့်ကြောင်း တောင်းဆိုထားသည့် စာတစ်စောင်ကို လန်ဒန်အခြေစိုက် ရိုက်တာသတင်းဌာနက အမေရိကန်ကာကွယ်ရေးဌာနသို့ အင်္ဂါနေ့တွင် ပေးပို့လိုက်သည်။

အမေရိကန် တပ်ဖွဲ့များက ရိုက်တာသတင်းဌာနမှ သတင်းထောက် နှစ်ဦးနှင့် ယာဉ်မောင်းတစ်ဦးကို အီရတ်နိုင်ငံအနောက်ပိုင်းရှိ ဖော်လူဂျာမြို့တွင် ဇန်နဝါရီ ၂ ရက်က ဖမ်းဆီးထားခဲ့ပြီး ၇၂ နာရီခန့် ထိန်းသိမ်းထားခဲ့သည်။

တိုင်တန်း

ရိုက်တာသတင်းဌာနမှ ၎င်းဝန်ထမ်းများအား ထိန်းသိမ်းထားစဉ် အမေရိကန်စစ်ဘက်၏ဆက်ဆံမှုနှင့်ပတ်သက်၍ နိုင်ငံတကာသတင်းဌာနတစ်ခုဖြစ်သည့် ရိုက်တာက တရားဝင်တိုင်တန်းမှု ပြုလုပ်ခဲ့သည်။

အမှတ်-၈၂ အမေရိကန် လေကြောင်းချီတပ်မက ယင်းဝန်ထမ်းများအပေါ် နှိပ်စက်ညှဉ်းပန်းမှု ပြုလုပ်ခဲ့သည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိခဲ့ကြောင်း။

သို့ရာတွင် ယင်းဝန်ထမ်းများသည် အိပ်ရေးမဝမှု အပါအဝင် သောကဖိစီးမှု ဝေဒနာဖြစ်စေသည့် ဆက်ဆံမှုများတွေ့ကြုံခံစားခဲ့ရကြောင်း စုံစမ်းရေး အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယင်းအချိန်တွင် အမေရိကန်စစ်ဘက်က အီရတ်နိုင်ငံအနောက်ပိုင်းရှိ ယာယီထိန်းသိမ်းရေး စခန်းများအားလုံးကို စစ်ဆေးမှု စတင်ပြုလုပ်နေပြီဖြစ်ပြီး ထိန်းသိမ်းခံထားရသူများအား ကိုင်တွယ်ရေးနှင့်ပတ်သက်၍ စံချိန်စံနှုန်းများအား ဖြည့်နေကြောင်း ရိုက်တာသတင်းဌာနက ပြောကြားသည်။ ယင်းစုံစမ်းမှုသည် ဆိုးဆိုးရွားရွား ပြည့်စုံမှုမရှိသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနမှ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအယ်ဒီတာ ဒေးဗစ် ရှလီဆင်ဂျာက ပြောကြားသည်။

တွေ့ဆုံမေးမြန်း

အဆိုပါ စုံစမ်းစစ်ဆေးမှုတွင် စွပ်စွဲခံထားရသည့် တပ်ဖွဲ့ဝင်များကိုသာ တွေ့ဆုံစစ်ဆေးမေးမြန်းထားပြီး မိမိတို့သတင်းဌာနဘက်မှ ဝန်ထမ်းများကို မေးမြန်းခြင်း မရှိနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်းလှည့်စောင့်ကြပ်

ဖေဖော်ဝါရီ၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ညပိုင်း၌ ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဓာတ်ပုံ-အင်တာနက်

ဖျက်အားပြင်းလက်နက်များနှင့်စပ်လျဉ်းသည့် အမှုတွဲကိစ္စ ဗြိတိသျှထိပ်တန်းအရာရှိများ ဝေဖန်ခံနေရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

ထောက်လှမ်းရေး အကြီးအကဲများသည် မိမိတို့ကိုယ်တိုင် ဦးဆောင်မှု ပေးထားသည့် လက်နက်ကျွမ်းကျင်သူများက အီရတ်တွင် ဓာတုလက်နက်နှင့် ဇီဝလက်နက်များရှိရန် မသေချာကြောင်း သတိပေးပြောကြားချက်ကို လျစ်လျူရှုခဲ့ကြသည်ဟု ဗြိတိသျှထောက်လှမ်းရေး အရာရှိဟောင်းတစ်ဦးက ယမန်နေ့က ပြောကြားလိုက်သည်။ အဆိုပါ အရာရှိဟောင်းမှာ ဗြိတိသျှအစိုးရအဖွဲ့၏ ဟတ်တန် စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ အရေးပါသော သက်သေခံချက်များ တင်ပြခဲ့သူဖြစ်သည်။

ယခင်က ကာကွယ်ရေးဌာန ထောက်လှမ်းရေးဝန်ထမ်းဌာနခွဲ၏ အကြီးအကဲ တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာဘရိုင်ယင်ဂျုံးက အီရတ်၏ လက်နက်အစီအစဉ်များနှင့် ပတ်သက်၍ အဓိကသက်သေခံချက်ကို ဝါအရင့်ဆုံး ထောက်လှမ်းရေးအရာရှိကြီးများက အဓိပ္ပာယ်ကောက် လွဲမှားကောင်း လွဲမှားနိုင်သည်ဟု ပြောကြားသည်။

ထို့ပြင် မိမိနှင့် ကာကွယ်ရေးဌာန ထောက်လှမ်းရေးဝန်ထမ်းဌာနခွဲမှ လုပ်ဖော်ကိုင်ဖက်များသည် အီရတ်နှင့် ပတ်သက်သည့်အမှုတွဲကို စနစ်တကျ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ကြခြင်းမှာ စစ်ပွဲပြီးဆုံးသည့်အချိန် မည်သည့်လက်နက်မျှ မတွေ့ရပါက ၎င်းတို့အား ခါးစာခံလုပ်ခြင်းခံရမည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း အင်ဒီပင်းဒင့်သတင်းစာအတွက် ရေးသားသည့် ဆောင်းပါးတွင် ၎င်းက ဖွင့်ချခဲ့သည်။

ယင်းသို့ ဒေါက်တာဂျုံး၏ ဖွင့်ချရေးသားချက်ကြောင့် ဗြိတိသျှပါလီမန် အမတ်များသည် လော့ဒ်ဟတ်တန် စုံစမ်းဖော်ထုတ်ချက်များနှင့် ပတ်သက်၍ အောက်လွှတ်တော်တွင် အချေအတင်ဆွေးနွေးရန် ပြင်ဆင်နေကြပြီဟုဆိုသည်။ ထို့ပြင် နောက်ဆက်တွဲအနေဖြင့် ဝန်ကြီးချုပ်တိုနီဘလဲ၏ အီရတ်ထောက်လှမ်းရေးသတင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ကြေညာချက်တစ်ရပ် ယမန်နေ့က ထွက်ပေါ်လာခဲ့သည်။

စက်တင်ဘာလအတွင်းက အစိုးရအဖွဲ့၏ အီရတ်လက်နက်များဆိုင်ရာ အမှုတွဲကို ပြည်သူလူထုသို့ အသိပေးမကြေညာမီ အကြိုကာလတွင် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့အတွင်း ထူးထူးခြားခြား သဘောထားတင်းမာမှုများ ရှိနေခဲ့ကြောင်း ဒေါက်တာဂျုံး၏ ဆောင်းပါးက လှစ်ဟဖော်ပြခဲ့သည်ဆို၏။

အင်တာနက်။

အီရတ်အရေးကိစ္စ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုလိုအပ်ကြောင်း သြစတြေးလျ ထောက်လှမ်းရေးအရာရှိဟောင်း တောင်းဆို

ကင်ဘာရာ ဖေဖော်ဝါရီ ၄

အီရတ်၏ ပိတ်ပင်တားမြစ်ထားသော လက်နက်များအစီအစဉ်နှင့်ပတ်သက်၍ စစ်ပွဲမစတင်မီက ရရှိခဲ့သော သတင်းအချက်အလက်များ တိကျသေချာမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးရေးအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ယခင်က သြစတြေးလျနိုင်ငံ ထောက်လှမ်းရေးအရာရှိအဖြစ် တာဝန်ယူခဲ့သူတစ်ဦးက တိုက်တွန်းလိုက်သည်။

အဆိုပါပုဂ္ဂိုလ်မှာ အင်ဒရူးဝီလ်ကီ ဖြစ်ပြီး၊ ၎င်းက သြစတြေးလျအစိုးရသည် အီရတ်ကို စစ်တိုက်ရန်ကိစ္စနှင့်ပတ်သက်၍ ပုံကြီးချဲ့ခဲ့ကြောင်း ပြောကြားကာ ၎င်း၏ အမျိုးသားသတင်း အကဲဖြတ်လုပ်ငန်းရုံးအဖွဲ့တာဝန်မှ နုတ်ထွက်ခဲ့သည်။

မစ္စတာဝီလ်ကီက အီရတ်ပြဿနာနှင့် ပတ်သက်၍ သြစတြေးလျနိုင်ငံတွင် ပြုလုပ်ခဲ့သော အစိုးရအဖွဲ့၏ ပဏာမစုံစမ်းစစ်ဆေးမှုသည် အမှန်တရားကို ဖုံးဖိထားခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

သြစတြေးလျနိုင်ငံ ကာကွယ်ရေးဝန်ကြီး မစ္စတာဟီးလ်ကမူ နောက်ထပ်တစ်ကြိမ် စုံစမ်းစစ်ဆေးရန် လိုအပ်မည်မထင်ကြောင်း၊ မိမိတို့သည် သြစတြေးလျနိုင်ငံအတွက် လုပ်သင့်လုပ်ထိုက်သည်များကို အစဉ်ဆောင်ရွက်လုပ်ကိုင်နေကြကြောင်း အာမခံချက်ပေးရာတွင် သဘောထားကြီးရန်လိုအပ်ကြောင်း၊ ယခင်ပြုလုပ်ခဲ့သော အမှားများကို အနာဂတ်တွင် ထပ်မမှားကြရန် လိုအပ်ကြောင်း အထူးသဖြင့် အစိုးရ၏ အခြေခံကျသောတာဝန်မှာ မိမိနိုင်ငံ ဘေးကင်းရေးနှင့် လုံခြုံမှုရှိရေးဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ ***အင်တာနက်။***

အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်တိုက်သတ်ဖြတ်ခံနေရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အင်္ဂါနေ့က လမ်းဘေးထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး၊ အခြားတစ်ဦးဒဏ်ရာရခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဌာန၏ ကြေညာချက်တစ်စောင်တွင် ဖော်ပြလိုက်သည်။

အဆိုပါကြေညာချက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လမ်းဘေးထောင်ထားသော မိုင်းများကို ရှင်းလင်းဖယ်ရှားရေး တာဝန်ထမ်းဆောင်နေစဉ် အထက်ပါမိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရကြောင်း ဆက်လက်ဖော်ပြထားသည်။

အင်တာနက်။



ဇန်နဝါရီ ၄ ရက်က ဘဂ္ဂဒက်မြို့ လမ်းမတစ်ခုပေါ်ရှိ စစ်ဆေးရေးစခန်း၌ အီရတ်ခရီးသွားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးက စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အစုအပြုံလိုက်သေစေသည့် လက်နက်များမရှိ စစ်ပွဲမတိုင်မီကတည်းက ဗြိတိသျှအရာရှိများ ကြိုတင်သိရှိခဲ့

လန်ဒန် ဖေဖော်ဝါရီ ၄

အီရတ်စစ်ပွဲ မစတင်မီကတည်းက အီရတ်နိုင်ငံအတွင်း ချူကလီးယား၊ ဇီဝနှင့် ဓာတုလက်နက်များ မရှိနိုင်တော့ကြောင်း သုံးသပ်ထားသည့် ထောက်လှမ်းရေး အစီအရင်ခံစာများအား ဗြိတိသျှအရာရှိများက ကြိုတင်လေ့လာသိရှိခဲ့ရပြီးဖြစ်ကြောင်း သတင်းထွက်ပေါ်လာသည်။

သံသယဖြစ်စရာကောင်း

ဗြိတိသျှအရာရှိများ ဖတ်ရှုသိရှိခဲ့ရသည့် အသေးစိတ်အချက်အလက်များတွင် ဆက်ဒမ်ဟူစိန်အနေဖြင့် ဓာတုလက်နက်များကို တပ်ဆင်နိုင်စွမ်း မရှိတော့ကြောင်း၊ ၄၅ မိနစ်အတွင်း ဖြန့်ကြက်အသုံးပြုနိုင်သည်ဟူသော အချက်မှာလည်း အလွန်သံသယ ဖြစ်စရာကောင်းလှသည့် အချက်တစ်ချက်ဖြစ်ကြောင်း စသည့်ဖော်ပြချက်များ ပါရှိနေသည်။

ခိုင်လုံမှုမရှိ

နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပူးတွဲ စုံစမ်းထောက်လှမ်းရေးအေဂျင်စီက လွန်ခဲ့သောနှစ် မတ်လက သတိပေးပြောကြားခဲ့သည့် အီရတ်အနေဖြင့် ဓာတု၊ဇီဝလက်နက်များ အသုံးချနိုင်စွမ်း ရှိနေသည်ဟူသော အစီရင်ခံစာသည် ခိုင်လုံမှုမရှိကြောင်း ထုတ်ဖော်ဝန်ခံသွားခဲ့သည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

အင်အားအသုံးပြု တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့အီရတ်အရပ်သားများနှင့် အီရတ်တပ်ဖွဲ့ဝင်များ အများအပြားသေဆုံးခဲ့ရ

၂၀၀၃ခုနှစ် မတ် ၂၀ရက်မှစပြီး အမေရိကန်နှင့်အပေါင်းပါတို့က အီရတ်နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာတွင် အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုများ၊ စီးနင်းတိုက်ခိုက်မှုများနှင့် မဆင်မခြင်ပစ်ခတ်မှုများကြောင့် အပြစ်မဲ့အီရတ်ပြည်သူအများအပြား သေဆုံးဒဏ်ရာရမှုများ မကြာခဏဖြစ်ပေါ်ခဲ့ရသည်။ ယင်းသေဆုံးကြသူ အီရတ်ပြည်သူများတွင် အီရတ်တပ်ဖွဲ့ဝင်များ၊ အီရတ်အရပ်သားများနှင့် ကလေးငယ်များ အများအပြားပါဝင်ခဲ့သည်။

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့က ဘဂ္ဂဒက်ကို ဗုံးကြဲတိုက်ခိုက်သဖြင့် ထွက်ပြေးတိမ်းရှောင်လာကြသော နိုင်ငံခြားသတင်းထောက်များနှင့် အရပ်သားများကို တွေ့ရစဉ်။

ကားကို ရပ်မပေးသည့်အတွက်ဟုဆိုကာ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သဖြင့် ဖခင်၊ ၎င်း၏သား တစ်ဦးနှင့် ဆွေမျိုးတော်စပ်သူတစ်ဦးတို့ သေဆုံးခဲ့ရမှုကြောင့် ဝမ်းနည်းပက်လက် ဖြစ်နေသည့် မိသားစုဝင်များ။

အီရတ်စစ်ပွဲစတင်သည့်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ အီရတ်တို့ဘက်မှ အသေအပျောက်စာရင်း

စဉ်	အီရတ်ဘက်မှ	သေဆုံးသူအရေအတွက်
၁။	အီရတ်တပ်ဖွဲ့ဝင်	၁၀၀၀၀ ခန့်
၂။	အီရတ်အရပ်သား	၉၈၉၆
	စုစုပေါင်း	၁၉၈၉၆

လက်နှစ်ဖက် ဆုံးရှုံးခဲ့ရသည့် အီရတ် ကလေးငယ်

မြို့တော်ဘဂ္ဂဒက်ကို အမေရိကန် တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်စဉ်အတွင်း ဗုံးဆန်ထိမှန်၍ လက်နှစ်ဖက်စလုံး ဖြတ်တောက်ရသည်အထိ ပြင်းထန်စွာ ဒဏ်ရာရခဲ့သော အသက် ၁၂ နှစ်အရွယ် အလီအစ္စမာအီးလ်ဆိုသူ ကလေးငယ်ကို ဆေးရုံတွင် တွေ့ရစဉ်။ (ယင်းကလေးငယ်၏ ဆွေမျိုး ၁၆ ဦးသည် ဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရသည်။)

ဒဏ်ရာရသည့် အီရတ်ကလေးငယ်

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ ကျူးကျော်စစ်ကြောင့် ခြေထောက်၌ ဒဏ်ရာရရှိခဲ့သော အီရတ်လူမမည် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

အီရတ်စစ်ပွဲကာလအတွင်း အမေရိကန်ဦးဆောင်သော တပ်ဖွဲ့သည် စစ်ရေးပစ်မှတ်များကိုသာမက အရပ်ဘက်ဌာနများကိုပါ မဆင်မခြင် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘဂ္ဂဒက်ရှိ ဗဟိုကြေးနန်းဆက်သွယ်ရေး အဆောက်အအုံ မီးလောင်ကျွမ်းစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးမြေဧက	၁၈၅၀၀၀	၂၀၀၀၀၀ ကျော်
ဆည်တမံများ	၁	၃
လမ်း/တံတား		
လမ်းမိုင်	၄၄၆	၅၇၉
ရထားလမ်းမိုင်	–	၂၇၆
တံတား	၂၅၄	၃၂၃
ဆက်သွယ်ရေး		
စာတိုက်	၇	၁၃
ကြေးနန်းရုံး	–	၈
အော်တိုအိတ်ချိန်း	–	၁
အော်တိုတယ်လီဖုန်း	–	၁၀၈၉
မိုက်ကရိုဝေ့ဗ်	–	၁

လှိုင်ကော်မြို့ရှိ ကန္ဒရဝတီတံတားကို တွေ့ရစဉ်။

လှိုင်ကော်တက္ကသိုလ်

ကယားပြည်နယ်ရှိ လှိုင်ကော် တက္ကသိုလ် သုံးထပ် တိုး၏ စာသင်ဆောင်ကို တွေ့ရစဉ်။

မိုက်ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း

ကယားပြည်နယ် လှိုင်ကော်မြို့တွင် တည်ဆောက်ထားသော မိုက်ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုစာတမ်းပုံမှတ်တမ်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပြန်ကြားရေး		
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	–	၆
ပြန်/ဆက်ရုံး	–	၈
စာကြည့်တိုက်	–	၃၄
ပညာရေး		
အခြေခံပညာကျောင်း	၃၃၃	၃၈၃
တက္ကသိုလ်	–	၁
ကောလိပ်	–	၂
ကျန်းမာရေး		
ဆေးရုံ	၁	၇
တိုက်နယ်ဆေးရုံ	–	၈
ကျေးလက်ကျန်းမာရေးဌာန	–	၁
ကျေးလက်ကျန်းမာရေးဌာနခွဲ	–	၁၉
သူနာပြုသင်တန်းကျောင်း	–	၁

ကယားပြည်နယ် ဒီမောဆိုမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေလျက်ရှိသည့် လှိုင်နန်းဖ ရေထိန်းတမံကို တွေ့ရစဉ်။



စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

သတင်းဆိုတာ လူတို့ သိသင့်၊ သိထိုက်ပြီး မကြာမီကမှ ဖြစ်ပျက်ခဲ့တဲ့ လတ်တလောဖြစ်ပျက်ကြောင်းရပ်ပဲ ဖြစ်ပါတယ်။ သတင်းကို မှန်ကန်တိကျပြည့်စုံစွာ လူတို့ (နိုင်ငံသား သို့မဟုတ် စာဖတ်ပရိသတ်) ကို အချိန်မီ တင်ပြရတာ ဖြစ်ပါတယ်။ သတင်းစာအာဘော်၊ ခေါင်းကြီးပိုင်းတို့၊ သတင်းနဲ့မှတ်ချက်တို့၊ သတင်းဆောင်းပါးတို့မှာ မိမိအာဘော် ထည့်သွင်းဖော်ပြနိုင်ပေမယ့် သတင်းသက်သက်မှာ မိမိအာဘော် မပါရပါဘူး။ သတင်းဖြစ်ရပ်အတိုင်း မှန်ကန်စွာ၊ မျှတစွာဖော်ပြရပါတယ်။

သတင်းစာ သို့မဟုတ် စာနယ်ဇင်းများရဲ့ သီလ၊ သမာဓိ၊ သိက္ခာကို တန်ဖိုးထားနိုင်အောင် လိုက်နာရမယ့် စာနယ်ဇင်းကျင့်ဝတ်ဆိုတာ ရှေးယခင် (စာနယ်ဇင်းရယ်လို့ ကမ္ဘာမှာ ပေါ်ပေါက်လာပြီး မကြာမီ) ကတည်းက ပြဋ္ဌာန်းလိုက်နာခဲ့ကြပါတယ်။အဲဒီကျင့်ဝတ်(Press ethics) ကို ၁၉၅၄ ခုနှစ် ဧပြီလ ၂၅ ရက်မှ ၂၈ ရက်အထိ ဘော်ဒိုးမှာကျင်းပတဲ့ နိုင်ငံတကာသတင်းစာဆရာများအဖွဲ့ချုပ်ရဲ့ ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံမှာ အတည်ပြုပေးခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်း စာနယ်ဇင်းပေါ်စကတည်းက ကိုယ့်အသိတရားနဲ့ကိုယ် လိုက်နာကျင့်သုံးခဲ့ပြီး ၁၉၆၁ ခုနှစ်မှာ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီက စာနဲ့ ပေနဲ့ စုစည်းချမှတ်ပေးခဲ့တဲ့ စာနယ်ဇင်းကျင့်ဝတ်တွေကို မြန်မာစာနယ်ဇင်းတွေ အစဉ်တစိုက် လိုက်နာခဲ့ပါတယ်။

အဲဒီ ကမ္ဘာ့စာနယ်ဇင်းကျင့်ဝတ်၊ မြန်မာ့စာနယ်ဇင်းကျင့်ဝတ်များဟာ အနှစ်သာရ တူညီကြပါတယ်။ ရိုးသားစွာ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိရမယ်။ တရားမျှတစွာ ဝေဖန်ရေးသားဖော်ပြရမယ်။ သတင်းအချက်အလက်များအရသာလျှင် သတင်းဖော်ပြရမယ်။ သတင်းမှန်ကို လွဲမှားအောင် မပြုပြင်ရ၊ သတင်းမှား ဖော်ပြမိရင် ဆောလျင်စွာ ဖြေရှင်းချက်ကို သိသာထင်ရှားစွာ ဖော်ပြပေးရမယ်။ အသရေပျက်စေတဲ့ အရေးအသား၊ အခြေအမြစ်မရှိ စွပ်စွဲဖော်ပြခြင်းမပြုရ၊ သတင်းဖော်ပြခြင်း၊ မဖော်ပြခြင်းအတွက် တံစိုးလက်ဆောင် လက်ခံရယူခြင်းမပြုရ စတဲ့မူတွေပါ။

အင်တာအမေရိကန် သတင်းစာဆရာအသင်း (အမေရိကတိုက်

၁၉၈၈ခုနှစ်အတွင်း ကျင်းပခဲ့သော (၁၂)ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည့် ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ။

နိုင်ငံများ သတင်းစာဆရာအသင်း)က စာနယ်ဇင်း ကျင့်ဝတ်ကို ၁၉၂၆ ခုနှစ်မှာ အတည်ပြုပေးပြီး ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလ နယူးယောက်ညီလာခံမှာ ထပ်မံ အတည်ပြုခဲ့ပါတယ်။

ဒါပေမယ့် သိကြတဲ့အတိုင်း ဒီကနေ့ အနောက်စာနယ်ဇင်းတွေ အပါအဝင် မီဒီယာတွေ(သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်၊ ဂြိုဟ်တုသတင်း၊ သတင်းအေဂျင်စီ၊ သတင်းဌာနတွေ) ဟာ အဲဒီသူတို့ ဖော်ခဲ့တဲ့ဆေး သူတို့စားကြသေးရဲ့လားလို့ ဆန်းစစ်ကြည့်ရင် သူတို့ဟာ စာနယ်ဇင်းကျင့်ဝတ်တွေကို အမှိုက်ခြင်းထဲ ထည့်ပစ်လိုက်ကြပြီလို့ ပြောလို့ရပါတယ်။

> ဒီကနေ့အနောက်စာနယ်ဇင်းတွေ အပါအဝင် မီဒီယာတွေ (သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊အင်တာနက်၊ဂြိုဟ်တုသတင်း၊ သတင်းအေဂျင်စီ၊ သတင်းဌာနတွေ) ဟာ အဲဒီသူတို့ ဖော်ခဲ့တဲ့ဆေး သူတို့ စားကြသေးရဲ့လားလို့ ဆန်းစစ် ကြည့်ရင် သူတို့ဟာ စာနယ်ဇင်းကျင့်ဝတ် တွေကို အမှိုက်ခြင်းထဲ ထည့်ပစ်လိုက် ကြပြီလို့ ပြောလို့ရပါတယ်။

အဲဒီ မီဒီယာတွေကို ငွေကြေးအမြတ်အစွန်း (စီးပွားရေးအကျိုးအမြတ်)အတွက် မီဒီယာတွေ ရာနဲ့ချီပြီး လက်ဝါးကြီးအုပ်တဲ့ သူဌေးကြီးတွေ ဝင်လာတာတစ်ကြောင်း၊ ကမ္ဘာကိုအပိုင်စီးလိုတဲ့ နယ်ချဲ့လက်ဟောင်း၊ လက်သစ်တွေက နည်းမျိုးစုံနဲ့ မီဒီယာလောကထဲဝင်ပြီး မီဒီယာသီလကြောင်တွေ မွေးထုတ်အသုံးပြုလာကြတာ တစ်ကြောင်း၊ နိုင်ငံရေးအကျိုးအမြတ်အတွက် မီဒီယာတွေကို အလွဲသုံးစားလုပ်လာကြတာ တစ်ကြောင်းတို့ကြောင့် အခုလို အနောက်မီဒီယာတွေဟာ မသတီစရာဖြစ်ကုန်ရတာပါပဲ။

စာနယ်ဇင်း ရောင်းကောင်းဖို့ သူများကိုယ်ရေးကိုယ်တာတွေ၊ အညီအဟောက်သတင်းတွေရှာပြီး ရေးသားထုတ်ဝေလာတော့ သူတို့စီးပွားရေးအတွက် သီလစပျက်ကြပြီ။ အဲဒီ သတင်းစာပညာကို သူတို့အဆို အဝါရောင် သတင်းစာပညာ (Yellow Journalism) လို့ ခေါ်ကြတယ်။ နာဇီဟစ်တလာကြီး ဒုတိယကမ္ဘာစစ်အတွင်းက သုံးခဲ့တဲ့ အမှားကို ထပ်တလဲလဲပြောဆို၊ ရေးသားနေရင် လူတွေယုံလာကြလိမ့်မယ်ဆိုတဲ့ မုသားသတင်း ဖော်ပြမှုတွေကို ဒီကနေ့ ကိုလိုနီလက်သစ်တွေက ပုံတူကူးပြီး လိုက်လုပ်လာကြတယ်။ သတင်းမှား လုပ်ကြံဖော်ပြ အပုပ်ချ စွပ်စွဲထိုးနှက်တာမျိုး၊ သတင်းမှန်တွေ ထိမ်ချန်ဖော်ပြတာမျိုး၊ စာနယ်ဇင်းကျင့်ဝတ်သိက္ခာကို ငဲ့ကွက်ရကောင်းမှန်း မသိတာမျိုးတွေကြောင့် အမည်းမှောင်၊ အနက်ရောင်သတင်းစာပညာ (Black Journalism) ဆိုတာ ပေါ်လာရပြန်တယ်။

အနောက်သတင်းဌာနများစွာ၏ မုသားသတင်း၊ စာနယ်ဇင်းများစွာ၏ သိက္ခာမဲ့စွာလုပ်ကြံဖော်ပြတဲ့ မုသားသတင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားများစွာရဲ့ မလိုတစ်မျိုး၊ လိုတစ်မျိုး သီလကြောင် ဒုဿီလသတင်းများလွှင့်ထုတ်ကာ နိုင်ငံတကာဥပဒေစံနှုန်းများ၊ ကုလသမဂ္ဂအခြေခံမူများ ချိုးဖောက်နေတဲ့ မိုးလုံးပြည့် မုသားသတင်းများဟာ ယနေ့ လူတို့ရဲ့ အသိဉာဏ်အာဟာရတစ်မျိုးဖြစ်တဲ့ သတင်းများမှာ အဆိပ်ခတ်နေတာကို ကမ္ဘာကရော၊ မြန်မာတို့ကပါ သတိပြုမိနေတာ ကြာလှပါပြီ။

အဲဒီ မီဒီယာများစွာအနက် နမူနာ၊ ဥပမာပြရမယ့် မီဒီယာနှစ်ခုအကြောင်း အကျဉ်းမျှတင်ပြပါရစေ။ အဲဒီ မီဒီယာ နှစ်ခုကို သာဓကဆောင်ပြလိုက်ရင် အဲဒီ အနောက်မီဒီယာသရုပ်ပျက်တွေအကြောင်း ခြုံငုံသိနိုင်လောက် မှာပါဘဲ။ အဲဒီ မီဒီယာနှစ်ခုကတော့ လန်ဒန်မြို့က ဗြိတိသျှအသံလွှင့် ကော်ပိုရေးရှင်းဆိုတဲ့ ဘီဘီစီနဲ့၊ ဝါရှင်တန်က အမေရိကန်အသံဆိုတဲ့ ဗွီအိုအေတို့ပဲဖြစ်ပါတယ်။

ဘီဘီစီက ဗြိတိသျှပုဂ္ဂလိက အသံလွှင့်ဌာနကြီးပါ။ ဗြိတိသျှစာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနမှာ မှတ်ပုံတင်ထားတယ်။ ပြည်ထဲရေးဌာနက လွှင့်ထုတ်ချက်တွေအပေါ် (ဗြိတိသျှအစိုးရကို ထိခိုက်စေရင်) ဖြတ်တောက်ခွင့်၊ မလွှင့်ဖို့ တားခွင့်ရှိတယ်။ ဘီဘီစီ အုပ်ချုပ်ရေးမှူး ၁၂ ယောက်ကို ဗြိတိသျှပါလီမန်က ရွေးပေးပြီး ဘုရင်မကြီးက အတည်ပြု ခန့်တယ်။ ဗြိတိသျှ အစိုးရက တစ်နိုင်ငံလုံးက ရေဒီယိုတွေအတွက် လိုင်စင်ခွန်ကောက်ခံတယ်။ ဒါကြောင့် အစိုးရက ဘီဘီစီကို နှစ်စဉ် ပေါင်စတာလင်သန်းပေါင်း ရာချီထောက်ပံ့တယ်။ အဲဒါကလွဲလို့ ဘီဘီစီ လွတ်လပ်ပါတယ်။

ဗြိတိသျှအစိုးရက ထောက်လှမ်းရေး လျှို့ဝှက်ချက်တွေ ဘီဘီစီမှာ မလွှင့်ရ၊ အိုင်အာရ်အေခေါ် မြောက်အိုင်ယာလန် လွတ်လပ်ရေး လှုပ်ရှားတိုက်ခိုက်နေသူတွေအကြောင်း မလွှင့်ရလို့ တားမြစ်ခဲ့တယ်။ ဒါလောက်တော့ ဘီဘီစီက လိုက်နာရပါတယ်။ ကျန်ကမ္ဘာ့နိုင်ငံတွေအပေါ် ဘီဘီစီ ကြိုက်သလိုပြော၊ ရတယ်။ အဲဒီနိုင်ငံအစိုးရ ဒါမှမဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက ဘီဘီစီမမှန်မကန်လွှင့်ထုတ်ပါတယ်။ ကျုပ်တို့ကို ထိခိုက်စေပါတယ်။ ဘီဘီစီကို အရေးယူပေးပါလို့ တိုင်ရင်တော့ ဗြိတိသျှအစိုးရက ဘီဘီစီဘက်က ရပ်တည်ပါတယ်။“ဘီဘီစီဟာ ပုဂ္ဂလိကပိုင် အသံလွှင့်ဌာနဖြစ်ပါတယ်။ အစိုးရနဲ့မဆိုင်ပါဘူး။ ဘီဘီစီရဲ့ စာနယ်ဇင်း လွတ်လပ်ခွင့်ကို ဗြိတိသျှ အစိုးရက စွက်ဖက်တာမျိုးမလုပ်ပါဘူးလို့ ပြန်ကြားလိုက်တာပါပဲ။”

ဗွီအိုအေဆိုတာ အမေရိကန်အစိုးရအာဘော်အသံလွှင့်ဌာနပါ။ ပြန်ကြားရေးဌာနရဲ့ လက်အောက်ခံမှာ ရှိပါတယ်။ ဒုတိယကမ္ဘာစစ်ကာလမှာ အမေရိကန်ရဲ့ စစ်ရေးသတင်းတွေ ဝါဒဖြန့်ဖို့ နိုင်ငံခြားဘာသာများနဲ့ပါ လွှင့်ထုတ်ခဲ့ပါတယ်။ အဲဒီမှာ မြန်မာဘာသာလွှင့်ထုတ်ချက် စခဲ့တာပါ။

ဘီဘီစီရော၊ ဗွီအို...
စကားမျိုးစုံနဲ့ လွှင့်...
သတင်း၊ ဆောင်းပါ...
အင်္ဂလန်က စ...
အလုပ်ကအနားယူ...
ရေဒီယိုအသံလှိုင်း...
အဲဒီနိုင်ငံတွေက ...
အသံလွှင့်လှိုင်းတွေ...
နိုင်တဲ့အတွက် နိုင်င...
လုပ်ငန်းကို နိုင်ငံ...
ခဲ့တယ်။
ဗွီအိုအေရော၊ ...
စစ်အေးကာလမှာ ...
ဘီဘီစီ၊ ဗွီအိုအေ...
ဖြစ်လာပြီဆိုတော့ ...
ဘူးပေါ့။ နိုင်ငံရေး...
လို့ရရ ကြက်ရဖို့ ...

နယ်ချဲ့မီဒီယာတို့ ဖြို့ခွဲသော်လည်း ...

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အ...

ဒါနဲ့တင်မကေ...
ကမ္ဘာ့အနှံ့ ဖြန့်ကြ...
ဖမ်းယူနားဆင်လို့...
ming Station)...
ချက်တွေကို ဖျက်ထု...
“စာနယ်ဇင်းလွတ်...
စစ်အေးလွန်က...
နိုင်ငံတွေကို ထိုး...
သူပုန်သောင်းကျန်း...
အသုံးပြုပါတယ်။ ...
ရေဒီယိုဖရီးယူရုပ် (...
တည်ထောင်ပြီး ...
အရှေ့ဥရောပကိုအ...
အလယ်ပိုင်းအမေရိ...
ဟိုဆေမာတီ၊ တီဗွ...
၁၉၈၈ ခုနှစ်...
နေ့စဉ်၊ ညစဉ် လွှ...
ဥပဒေချိုးဖောက် ...
ဘီဘီစီ၊ ဗွီအိုအေမှာ...
အော့စလိုမြို့မှာ ...
(ဒီမိုကရက်တစ်မြန်...
လာတယ်။ ဝါရှင်...
အာရှရေဒီယို (ရေဒီ...
မြန်မာပြည်ပြေးတွေ...
အမေရိကန် အစိုးရ...
မြန်မာဘာသာအပြ...
ဘာသာ၊ တရုတ်ဘ...
ထား ထိုးနှက်နေ...
၁၉၄၇ ခုနှစ် ...
သွားဆွေးနွေးရာမှာ...
ကိုယ်စားလှယ်အဖွဲ့...
ကနေ ဝမ်းမြောက်...
ဟိုအပိုဒ်ဖြုတ်၊ ဒီအ...
မလွှင့်ဖြစ်ခဲ့တော့ဘူ...
ဘီဘီစီက ပွဲဦးထွ...
၁၉၈၈ ခုနှစ် ...
ဖန်တီးကြိုးကိုင်သွ...
နောက်ကနေ ခြေ...
ဘီဘီစီ၊ ဗွီအိုအေတ...
မိုးလုံးပြည့် မုသာ...

ုံလာကြလိမ့်မယ်ဆိုတဲ့
ာ်သစ်တွေက ပုံတူကူးပြီး
ဖော်ပြ အပုပ်ချ စွပ်စွဲ
မျိုး၊ စာနယ်ဇင်းကျင့်ဝတ်
ကြောင့် အမည်းမှောင်၊
lism) ဆိုတာ ပေါ်လာ

င်း၊ စာနယ်ဇင်းများစွာ၏
ရေဒီယို၊ ရုပ်မြင်သံကြား
ဒသီလသတင်းများလွှင့်
အခြေခံမှုများ ချိုးဖောက်
့ လူတို့ရဲ့ အသိဉာဏ်
နေတာကို ကမ္ဘာကရော၊

ပြရမယ့် မီဒီယာနှစ်ခု
ယာ နှစ်ခုကို သာဓက
ျက်တွေအကြောင်း ခြုံ

ဘီဘီစီရော၊ ဗွီအိုအေပါ မြန်မာဘာသာ အပါအဝင် ကမ္ဘာ့ဘာသာစကားမျိုးစုံနဲ့ လွှင့်ထုတ်နေတာပါ။ တစ်ကမ္ဘာလုံးကိုလွှမ်းမိုးပြီး လိုရာကို သတင်း၊ ဆောင်းပါးလွှင့်ထုတ်ချက်နဲ့ ပုံသွင်းလာကြတော့တာပါပဲ။

အင်္ဂလန်က စကော့တလန်ယဒ်စုံထောက်အဖွဲ့ အရာရှိကြီးဂျေဟေးဟာ အလုပ်ကအနားယူပြီး ဘီဘီစီမှာ အကြံပေး လုပ်ခဲ့တယ်။ ဂျေဟေးက ရေဒီယိုအသံလှိုင်းတွေဟာ ကမ္ဘာ့နိုင်ငံစုံကို ချက်ချင်းရောက်ရှိသွားနိုင်တယ်။ အဲဒီနိုင်ငံတွေက အဝင်ခံချင်တာ၊ အဝင်မခံချင်တာအကြောင်းမဟုတ်၊ အသံလွှင့်လှိုင်းတွေဟာ နိုင်ငံတိုင်းကို အဆီးအတားမရှိ ဝင်ရောက်ဝါဒဖြန့်နိုင်တဲ့အတွက် နိုင်ငံရေးလက်နက်ကောင်းဖြစ်တယ်။ ဒါကြောင့် အသံလွှင့်လုပ်ငန်းကို နိုင်ငံရေး လက်နက်အဖြစ် သုံးကိုသုံးရမယ်လို့ ပညာပေးခဲ့တယ်။

ဗွီအိုအေရော၊ ဘီဘီစီပါ နိုင်ငံရေးလက်နက်တွေဖြစ်လာခဲ့တယ်။ စစ်အေးကာလမှာ အရှေ့အုပ်စုခေါ် ဆိုရှယ်လစ်နိုင်ငံတွေကို ဖြိုချရာမှာ ဘီဘီစီ၊ ဗွီအိုအေတို့ လက်စွမ်းပြနိုင်ခဲ့ကြတယ်။ နိုင်ငံရေးလက်နက်ဖြစ်လာပြီဆိုတော့ သတင်းမှန်တာတို့၊ စာနယ်ဇင်းကျင့်ဝတ်တို့ မလိုတော့ဘူးပေါ့။ နိုင်ငံရေးပစ်မှတ်ကို ထိဖို့ပဲလိုတယ်။ တုတ်ပစ်လို့ရရ၊ ခွေးကိုက်လို့ရရ ကြက်ရဖို့ အဓိကဖြစ်လာတာပေါ့။

ပြည်ပအသံလွှင့်ဌာနအချို့၏ ကောလာဟလ ထုတ်လွှင့်ချက်များကို နားယောင်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားကြသည့်လူငယ်များ ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၁၅ရက်က အမိမြေသို့ ပြန်လည် ရောက်ရှိလာကြစဉ်။

လွှင့်ခံရလို့ မိမိတို့အပြင်မှာ လင်ကောင်း သားကောင်းမှ ရပါတော့မလားဆိုပြီး ပြောသွားခဲ့တဲ့ မှတ်တမ်းရှိပါတယ်။

အသံလွှင့်ပေးခဲ့သူတွေ ကိုယ်တိုင်က ဂန်းနက်က မိမိတို့ကို ဒီလိုဒီလို ထောင်ထဲမှာ အဓမ္မပြုကျင့် ခံရကြောင်း ပြောပေးပါလို့ ဆိုတဲ့အတွက် မိမိတို့ လိမ်ညာအသံသွင်းခဲ့မိကြောင်း ဝန်ချတောင်းပန်ပြီးခဲ့ပါပြီ။ ၁၉၈၈ ခုနှစ်ကနေ ဒီကနေ့အထိ မြန်မာနိုင်ငံ ငြိမ်းချမ်းလာတာ ဖွံ့ဖြိုးတိုးတက်လာနေတာ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေတာကို မရှုဆိတ်တဲ့ အဲဒီအနောက်ကိုလိုနီလက်သစ်ဝါဒီများနဲ့ ဘီဘီစီ၊ ဗွီအိုအေတို့ ၁၅နှစ်ကျော် နေ့ညဆက်တိုက် မုသားသတင်းနဲ့ အတင်းနက်နေကြတာ အားလုံးအသိပါ။

ယနေ့တိုင်လည်း မြန်မာနိုင်ငံအပေါ် အကြောင်းပြချက်အမျိုးမျိုးနဲ့ ဖိအားများအဖုံဖုံပေးလျက်ရှိနေဆဲဖြစ်ပါတယ်။ မူလက မြန်မာနိုင်ငံအပေါ် စွပ်စွဲလုပ်ဆောင်နေတဲ့ ဒီမိုကရေစီ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါး၊ အတင်းအဓမ္မစေခိုင်းမှု၊ ရှမ်းပြည်နယ်တွင် အမျိုးသမီးများအား အကြမ်းဖက်လုပ်ဆောင်မှုဆိုတဲ့ စွပ်စွဲချက်တွေသာမက ကဏ္ဍသစ်တွေ ရှာပြီး ဖိအားပေးမှုအမျိုးမျိုး လုပ်ဆောင်နေရာမှာ ယခုအခါ ကလေးသူငယ်စစ်သည်များဆိုတဲ့ကိစ္စကို ဖန်တီးရှေ့တန်းတင်ပြီး စစ်မျက်နှာသစ်တစ်ရပ် ဖွင့်လှစ်တိုက်ခိုက်လာတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တာ၊ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲ စည်းလုံးညီညွတ်မှုပြိုကွဲအောင် သွေးခွဲသပ်လျှိုတဲ့ လုပ်ရပ်တွေက ယခင်သမိုင်းအဆက်ဆက်က ယနေ့တိုင် ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်များရဲ့ မရိုးနိုင်တဲ့လုပ်ရပ်တွေပါပဲ။

ဖြိုခွဲသော်လည်း မပြိုကွဲနိုင်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု

က် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဆောင်းပါး

သတင်းထောက်သက်ရှည်

ကတော့ လန်ဒန်မြို့က
ါရှင်တန်က အမေရိကန်

ြီးပါ။ ဗြိတိသျှစာတိုက်နဲ့
။ ပြည်ထဲရေးဌာနက
က်စေရင်) ဖြတ်တောက်
ရေးမှူး ၁၂ ယောက်ကို
အတည်ပြု ခန့်တယ်။
ွအတွက် လိုင်စင်ခွန်
နှစ်စဉ် ပေါင်စတာလင်
ဘီစီ လွတ်လပ်ပါတယ်။
က်ချက်တွေ ဘီဘီစီမှာ
လွတ်လပ်ရေး လှုပ်ရှား
မြစ်ခဲ့တယ်။ ဒါလောက်
နိုင်ငံတွေအပေါ် ဘီဘီစီ
မှမဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့
ယ်။ ကျုပ်တို့ကို ထိခိုက်
်တော့ ဗြိတိသျှအစိုးရက
ပုဂ္ဂလိကပိုင် အသံလွှင့်
စာနယ်ဇင်း လွတ်လပ်ခွင့်
ါဘူးလို့ ပြန်ကြားလိုက်

သံလွှင့်ဌာနပါ။ ပြန်ကြား
ကိုယကမ္ဘာစစ်ကာလမှာ
င်ငံခြားဘာသာများနဲ့ပါ
ှင့်ထုတ်ချက် စခဲ့တာပါ။

ဒါနဲ့တင်မကျေနပ်ဘူး။ ဘီဘီစီ၊ ဗွီအိုအေထပ်ဆင့်လွှင့်စက်ရုံတွေ ကမ္ဘာ့အနှံ့ ဖြန့်ကြက်တည်ဆောက်လာတယ်။ သူတို့လွှင့်ထုတ်ချက်တွေကို ဖမ်းယူနားဆင်လို့မရအောင် နိုင်ငံအချို့က အသံဖျက်စက် (Jamming Station)တွေ တည်ဆောက်ပြီး သူတို့လက်မခံနိုင်တဲ့ လွှင့်ထုတ်ချက်တွေကို ဖျက်ထုတ်လာတဲ့အခါ အဲဒီ အမေရိကန်၊ ဗြိတိသျှအစိုးရတွေက "စာနယ်ဇင်းလွတ်လပ်ခွင့်"တို့၊ ဘာတို့နဲ့ အော်ပြီးကန့်ကွက်တော့တာပဲ။

စစ်အေးလွန်ကာလမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေထဲက သူတို့မလိုလားတဲ့ နိုင်ငံတွေကို ထိုးနှက်ဖြိုဖျက်ဖို့ ဘီဘီစီ၊ ဗွီအိုအေတို့မှာ နိုင်ငံစုက သူပုန်သောင်းကျန်းသူတွေ၊ ပြည်ပြေးတွေ၊ အတိုက်အခံတွေကို အလုပ်ခန့်အသုံးပြုပါတယ်။ ဒါနဲ့ အားမရနိုင်လို့ ဥရောပမှာ အာရ်အက်ဖ်အီးခေါ် ရေဒီယိုဖရီးယူရုပ် (လွတ်လပ်သော ဥရောပရေဒီယို)နဲ့ ရေဒီယိုလစ်ဘာတီတို့ တည်ထောင်ပြီး စီအိုင်အေက ကြိုးကိုင်ကြိုးကြပ်တယ်။ ဆိုဗီယက်နဲ့ အရှေ့ဥရောပကိုအသံလှိုင်းနဲ့ စွက်ဖက်ထိုးနှက်ခဲ့တယ်။ တောင်၊ မြောက်၊ အလယ်ပိုင်းအမေရိကမှ လက်ဝဲယိမ်းနိုင်ငံတွေကို ထိုးနှက်ဖို့ ရေဒီယိုဟိုဆေမာတီ၊ တီဗွီမာတီတို့ တည်ထောင်တယ်။

၁၉၈၈ ခုနှစ်ကစပြီး မြန်မာနိုင်ငံကို ဖြိုခွဲဖို့ ဘီဘီစီ၊ ဗွီအိုအေတို့က နေ့စဉ်၊ ညစဉ် လွှင့်ထုတ် ခြေရှုပ်ခဲ့တယ်။ အဲဒီနောက် မြန်မာနိုင်ငံက ဥပဒေချိုးဖောက် ထွက်ပြေးသွားတဲ့ ပြည်ပြေးတွေ၊ ဝရမ်းပြေးတွေ ဘီဘီစီ၊ ဗွီအိုအေမှာ အလုပ်ရကုန်ကြတယ်။ ဒါတင်မကဘူး၊ နော်ဝေနိုင်ငံ အော့စလိုမြို့မှာ ဒီဗွီဘီခေါ် ဒီမိုကရက်တစ် ဗွိုက်စ်အော့ဖ်ဘားမား (ဒီမိုကရက်တစ်မြန်မာ့အသံ)ဆိုတဲ့ ပြည်ပြေးအသံလွှင့်ဌာန တည်ထောင်လာတယ်။ ဝါရှင်တန်အခြေစိုက် အာရ်အက်ဖ်အေ(ခေါ်)လွတ်လပ်သော အာရှရေဒီယို (ရေဒီယိုဖရီးအေရှ) တည်ထောင်ပေးခဲ့တယ်။ အဲဒီနှစ်ခုစလုံးမှာ မြန်မာပြည်ပြေးတွေ လုပ်ကိုင်ကြတယ်။ စီအိုင်အေက ကြီးကြပ်ပြီး အမေရိကန် အစိုးရက ငွေကြေးထောက်ပံ့တယ်။ အာရ်အက်ဖ်အေကတော့ မြန်မာဘာသာအပြင် တိဘက်ဘာသာ၊ ဗီယက်နမ်ဘာသာ၊ ကိုရီးယားဘာသာ၊ တရုတ်ဘာသာတွေနဲ့ပါ ထုတ်လွှင့်ပြီး အဲဒီနိုင်ငံတွေကို ပစ်မှတ်ထား ထိုးနှက်နေတာဖြစ်တယ်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလက ဘိလပ်မှာ မြန်မာ့လွတ်လပ်ရေးအတွက် သွားဆွေးနွေးရာမှာ အောင်မြင်မှုရရှိခဲ့တယ်။ အဲဒီအောင်မြင်မှုကို မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာပြည်သူတွေ ချက်ချင်းသိရအောင် ဘီဘီစီကနေ ဝမ်းမြောက်သဝဏ်လွှာလွှင့်ပေးဖို့ စီစဉ်ခဲ့တယ်။ ဘီဘီစီက ဟိုအပိုဒ်ဖြတ်၊ ဒီအပိုဒ်ဖြည့်နဲ့ သဝဏ်လွှာကို သရုပ်ပျက်အောင် ပြင်ပစ်လို့ မလွှင့်ဖြစ်ခဲ့တော့ဘူး ဒါဟာ လွတ်လပ်ရေးအကြိုကာလ မြန်မာနိုင်ငံကို ဘီဘီစီက ပွဲဦးထွက် ဈေးဦးပေါက် ထိုးနှက်လိုက်တာပဲဖြစ်တယ်။

၁၉၈၈ ခုနှစ် မြန်မာနိုင်ငံက တိုင်းဆူပြည်ဖျက် ဆူပူမှုကို အစအဆုံး ဖန်တီးကြိုးကိုင်သွားတာ အဓိကကတော့ ဘီဘီစီပါ။ ဗွီအိုအေလည်း နောက်ကနေ ခြေကုန်သုတ်ပြီး လိုက်လာခဲ့ပါတယ်။ အဲဒီကာလတုန်းက ဘီဘီစီ၊ ဗွီအိုအေတို့ ခြေရှုပ်လွှင့်ထုတ်ခဲ့ပုံတွေကို သောတရှင် တစ်ဦးက မိုးလုံးပြည့် မုသာဝါဒများ ဘီဘီစီ၊ ဗွီအိုအေ အသံလွှင့်ချက်များနဲ့ ၎င်းတို့အပေါ် ချေပချက်များ စာအုပ်တွဲ အမြောက်အမြား ထုတ်ဝေတင်ပြခဲ့ပြီးပါပြီ။

အဲဒီထဲက ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက် မြန်မာနိုင်ငံလာပြီး လုပ်ကြံဖန်တီးတဲ့ မုသားသတင်း လွှင့်ထုတ်ချက်တစ်ခု တင်ပြချင်ပါတယ်။ခရစ္စတိုဖာဂန်းနက်ဟာ ဖြစ်လိုရာ အရမ်းနှက်တဲ့နေရာမှာ အလွန်ကောက်ကျစ်ပါတယ်။ အင်းလျားကန်ပေါင်မှာ အမျိုးသမီးကလေးတွေကို လုံထိန်းက ရေနှစ်သတ်တယ်၊ ဆွဲကြိုးတွေဖြုတ်ယူတယ်ဆိုတဲ့ သတင်းမှားနဲ့ စတင်လုပ်ကြံတယ်။

ဆူပူမှုကို အသားလွတ်ဖန်တီးသူတွေကို ထိန်းသိမ်းရာမှာ အမျိုးသမီးအချို့ ပါဝင်ခဲ့ပါတယ်။ ၎င်းတို့ကို ရက်ပိုင်းအတွင်းမှာပဲ ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဘီဘီစီ ဂန်းနက်က မဟုတ်မမှန်လုပ်ကြံသတင်းကို ဇာတ်တိုက်ပြီး အသံသွင်းလွှင့်ထုတ်ခဲ့ပါတယ်။

၁၉၈၉ခုနှစ် ဇန်နဝါရီ ၂၀ရက်က ကျင်းပခဲ့သော ထိုင်းနိုင်ငံမှ နိုင်ငံခြား သတင်းစာဆရာများနှင့် ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသော ကျောင်းသားများ သတင်းစာရှင်းလင်းပွဲ။

ပြန်လွှတ်ပေးတဲ့ အမျိုးသမီးကလေးများကို တာဝန်ရှိသူများထံ အပ်နှံပြီး အိမ်ပြန်ပို့ပေးခဲ့ပါတယ်။ နောက်ဆုံးလွှတ်ပေးတဲ့ လေးယောက်က ထောင်အရာရှိများကို ထိုင်ကန်တော့ပြီး ကျေးဇူးတင်ကြောင်း ပြောကြပါတယ်။ အဲဒီလေးယောက်ကို အမျိုးသမီးပါရဂူ ဆရာဝန်ကြီးများက ဆေးစစ်တဲ့အခါ အမျိုးသမီးငယ်တစ်ဦးက ဘာဖြစ်လို့ သူတို့ကို ဆေးစစ်ရသလဲလို့ မေးပါတယ်။ အပြင်မှာ သမီးတို့ကို မတရားပြုကျင့် ခံရတယ်လို့ သတင်းဖြစ်နေကြောင်း၊ ဒါ့ကြောင့် အဖြစ်မှန်သိရအောင် စစ်ဆေးတာဖြစ်ကြောင်း ရှင်းပြတော့ အဲဒီကလေးမကလေးက ဒီလို မမှန်သတင်း

ဒီလိုနေ့စဉ် ပြည်ပြေးတွေနဲ့ ဘီဘီစီ၊ ဗွီအိုအေတို့ ဆက်သွယ်မေးမြန်းခန်းတွေ လွှင့်လိုက်၊ ပြည်ပြေးထဲပါလာတဲ့ တိုင်းရင်းသားတစ်ယောက်တလေရဲ့အသံနဲ့ ပြည်ထောင်စုကြီးပြိုကွဲအောင် လှုံ့ဆော်ခိုင်းလိုက် လုပ်နေတာလည်း အားလုံးအသိပါ။ ဘီဘီစီ၊ ဗွီအိုအေက ပြည်ပြေးများနဲ့ ကျန်ပြည်ပြေးတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေ နေ့ည စဉ်ဆက်မပြတ် အဖျက်လေလှိုင်းတွေနဲ့ နှောင့်ယှက်နေပေမယ့် မြန်မာတိုင်းရင်းသားအားလုံး(ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး၁၀၀ကျော်၊ အရေအတွက် ၅၃ သန်းကျော်) က ပိုမိုစည်းလုံး၊ ပိုမိုညီညွတ်ပြီး ပြည်ထောင်စုကြီးထာဝရတည်တံ့အောင်၊ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားအောင်မြင်လျက်ပါပဲ။

နယ်ချဲ့လက်သစ်တို့ရဲ့ ကိုလိုနီနံ့သင်းတဲ့ ဒီမိုကရေစီအတုအယောင် (ဝါ) ဒီမိုကရေစီသကြားအုပ်ထားတဲ့ အဆိပ်လုံးကို မြန်မာတို့လက်မခံပါ။ မြန်မာ့ရေမြေသဘာဝ၊ မြန့်မာသမိုင်းကြောင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စရိုက်နဲ့ ကိုက်ညီပြီး စစ်မှန်၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းလာစေမယ့် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ် (ဝါ) ဒီမိုကရေစီလမ်းပြမြေပုံ Road map ကိုတစ်ဆင့်ပြီး တစ်ဆင့်စတင်အကောင်အထည်ဖော်နေကြပြီဖြစ်ပါတယ်။ ၁၈၈၅ ခုနှစ် နယ်ချဲ့ခုခံ ရေးစစ်ပွဲကာလ တိုင်းရင်းသားစည်းလုံးမှု၊ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကာလတိုင်းရင်းသား စည်းလုံးမှု အစဉ်အလာကောင်းတွေနဲ့ အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာလက်တွဲ ဆောင်ရွက်တည်ဆောက်နေကြပါပြီ။ ဘီဘီစီလက်လျှော့နေလေတော့၊ ဗွီအိုအေ လက်လျှော့နေလေတော့ဟုဆိုလိုက်ချင်ပါတယ်။ ။

❍ **ကျောဖုံးမှ**

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ရာ တ်ကြားအဖွဲ့က မင်္ဂလာငွေခရနှင့် အောင်စည်အောင်မောင်းသုံးကြိမ် တီးမှုတ်ပူဇော်သည်။

ကိုးပါးသီလခံယူ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော် ဩဝါဒါစရိယ တာမွေမြို့နယ် မြန်မာသိရီလင်္ကာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိန္ဒထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့သည် နိုင်ငံတော် ဩဝါဒါစရိယ ရွှေဟင်္သာတောရ သီရိမင်္ဂလ စံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများသည် ဆရာတော် သံဃာတော်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး တ်ကြားအဖွဲ့က မင်္ဂလာငွေခရနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးမှုတ်ပူဇော်သည်။

ရေစက်ချမင်္ဂလာ အခမ်းအနားအပြီးတွင် ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော်အပါး ၅၀၀တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ဦးဆောင်၍ ဆွမ်းဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ်ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၁၀ မှ

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဓမ္မတေးများဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ပေးကြသည်။

လောင်းလှူ

အလားတူ ဘုရားရင်ပြင်တော်နှင့် မြောက်ဘက်စောင်းတန်းတစ်လျှောက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

အမျှပေးဝေ

ထို့နောက် သီရိသုဓမ္မမဏိဇောတရ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရတီ ကြားဦးသန်းလှက အလှူရှင်များကိုယ်စားအမျှပေးဝေပြီး ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများနှင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

(သတင်းစဉ်)

ဆွမ်းဘောဇဉ် လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဘောဇဉ်ချိုချဉ်အရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဆွမ်းသပိတ်တော် လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဘောဇဉ်ချိုချဉ် အရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဘောဇဉ်ချိုချဉ်အရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)

တရားတော်များ ဟောကြားတော်မူမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ အရှင်ဆေကိန္ဒအရှင်သူမြတ်သည် ဖေဖော်ဝါရီ ၆ရက်ညတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဩဘာလမ်း ဓမ္မရက္ခိတဓမ္မာရုံ၌ ညနေ ၆နာရီတွင်လည်းကောင်း၊ ဧရာဝတီတိုင်း ညောင်တုန်းမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲဓမ္မသဘင်၌ ည ၈နာရီတွင်လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဖေဖော်ဝါရီ ၅ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဖေဖော်ဝါရီ ၅ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဖေဖော်ဝါရီ ၅ရက်က ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဖေဖော်ဝါရီ ၅ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင်များက အလှူငွေ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင်များက အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (Panda Hotel) ပုလဲခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ စစ်ဒေသမှူးများ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၏ ဇနီးများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး စေတနာရှင်များက အလှူငွေများကို ပေးအပ်ကြရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က ကျေးဇူးတင်စကား ပြောကြားသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စေတနာရှင်တို့က လှူဒါန်းငွေကျပ် စုစုပေါင်း ၈၅သိန်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ လှူဒါန်းသည်။ (သတင်းစဉ်)

ကုမ္ပဏီလမ်းညွှန် ၂/၂၀၀၄ ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ကုမ္ပဏီ စီးပွားရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အမှန်ကိုသိရှိမှ အမှားများကို ကာကွယ်နိုင်မည်ဟူသော ခံယူချက်အရ စွန့်စားရမှု အနည်းဆုံးဖြင့် အောင်မြင်မှုများ သိရှိနိုင်စေရန် ကုမ္ပဏီလမ်းညွှန် စီးပွားရေးပညာပေးသင်တန်း ၂/၂၀၀၄ ကို ဖေဖော်ဝါရီ ၇ရက်မှစတင်၍ သင်ကြားပေးမည်ဟု သိရသည်။

အဆိုပါသင်တန်းတွင် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၊စနစ်တကျဆောင်ရွက်နိုင်မည့် နည်းပညာများကို အင်တာနက်ကွန်ရက်များမှထုတ်ယူရရှိသည့် အချက်အလက်များနှင့် ပေါင်းစပ် သင်ကြားပေးမည်ဖြစ်ရာ မည်သူမဆိုစိတ်ပါဝင်စားသူများသည် ကုမ္ပဏီလမ်းညွှန်အမှတ် ၂၇၆၊၃၉လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း–၂၄၂၅၈၃နှင့် မြေနီကုန်းပလာဇာ ဒုတိယထပ် ဖုန်း–၅၃၆၉၁၄ လိုင်းခွဲ(၁၆)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် မိမိတို့၏ဝန်ထမ်းများ၊ ဒါရိုက်တာအဖွဲ့များအတွက် သီးသန့်အချိန်တွင် သင်ကြားလိုပါကလည်း ညှိနှိုင်းစီစဉ်ပေးမည်ဟုသိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၁၀ ၈။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၁၀။ ဘိုင်းဒါးရေလျောင်တမံ
- ၈:၃၀ ၁၁။ International News.
- ၈:၄၅ ၁၂။ English for Everday Use.
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၂:၅၀ ၁။ **၂၀၀၄ခုနှစ်(၄၉)နှစ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းအမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) (ရန်ကုန်တိုင်းနှင့် ကရင်ပြည်နယ်)**
- ၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၀ ၃။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၂၀ ၄။ သာယာလှပနမ့်တစ်ဒေသ
- ၅:၂၅ ၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးသီချင်းပြိုင်ပွဲ အကြောင်းသိကောင်းစရာ
- ၅:၄၅ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၅၅ ၇။ ကချင်ရိုးရာဝတ်စားဆင်ယဉ်မှု
- ၆:၀၀ ၈။ အနာကြီးရောဂါကင်းဝေးရေး ဆွေးနွေးခန်း
- ၆:၁၅ ၉။ Discovery.
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ Milo Success in Soccer.
- ၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးမြေဆုံးစေတော့ကွယ်” (အပိုင်း–၁၄)**
- ၇:၃၅ ၁၄။ ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာ
- ၇:၄၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ“မွန်ပြည်နယ်” (အပိုင်း–၁)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ရုပ်မြင်သံကြားဇာတ်လမ်း “မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း” (မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ) [ဒါရိုက်တာ–မျိုးအေး]**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

တည်ငြိမ်အေးချမ်းမှုအခြေအနေမှန် ကမ္ဘာကသိအောင်ဆောင်ရွက်မည် ရုပ်မြင်သံကြားလိုင်းအသစ် ထပ်မံတိုးချဲ့ထုတ်လွှင့်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်မြင်သံကြားလိုင်းအသစ် ထပ်မံတိုးချဲ့ထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်၍ အမှာစကား အသီးသီးပြောကြားကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ITနည်းပညာဆိုင်ရာ လုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်မြင်သံကြားလိုင်းအသစ် ထပ်မံတိုးချဲ့ ထုတ်လွှင့်ရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သီးသန့် ပညာပေးအစီအစဉ်များ ပိုမိုထုတ်လွှင့်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင်ဖျော်ဖြေရေးကဏ္ဍကိုလည်း ထည့်သွင်းထုတ်လွှင့်သွားမှာဖြစ်ပြီးယင်းကဏ္ဍတွင် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၊ နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များကို ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်မြင်သံကြားလိုင်းအသစ် အစီအစဉ်ကို လုပ်ငန်းရှင်များက မိမိတို့၏ဟိုတယ်များ၊ တည်းခိုခန်းများတွင် တပ်ဆင်ထုတ်လွှင့်ပေးပါက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ကွက်လပ်ဖြည့်နိုင်၊ ချောမွေ့လာနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် လိုအပ်သည်များကို အကျယ်တဝင့်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရုပ်မြင်သံကြားလိုင်းသစ် အစီအစဉ်သည် မြန်မာ့ခရီးသွား (Fascinating Myanmar) အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာသူများက ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ ၆နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ခရီးသွားလုပ်ငန်းတွင် အဓိကပါဝင်ဆောင်ရွက်နေကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ရှင်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ မီဒီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း။

ဆက်နွှယ်အကျိုးပြု

မီဒီယာနှင့် ခရီးသွားလာရေးလုပ်ငန်းသည် လုပ်ငန်းသဘောသဘာဝအရ အပြန်အလှန် ဆက်နွှယ်အကျိုးပြုနေသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးအတွက် အလွန်အရေးပါသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကဏ္ဍမှပါဝင်နေသကဲ့သို့ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များအတွက်လည်း ဝင်ငွေကောင်းသည့် လုပ်ငန်းကြီးတစ်ခုပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမည့်နေရာများ၊ နိုင်ငံတည်ငြိမ် အေးချမ်းမှုအခြေအနေမှန်များကို ကမ္ဘာကသိရှိအောင် မြန်မာ့ရုပ်မြင်သံကြား မီဒီယာက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ဖမ်းယူကြည့်ရှုနိုင်

မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် MRTV-3 အင်္ဂလိပ်ပိုင်းအစီအစဉ်နှင့် အင်တာနက် Network ၌လည်း ထည့်သွင်းထုတ်လွှင့်ပေးနေသည့်အတွက် ယခုအခါ အာရှ၊ ဥရောပနှင့် အမေရိကတိုက်တို့ရှိ နိုင်ငံအများအပြားတွင် ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် MRTV-3သည် World Wide အဆင့်သို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိလာပြီဖြစ်ကြောင်း၊ MRTV-3 ကို အပိုင်းနှစ်ပိုင်းခွဲ၍ ထုတ်လွှင့်ရန်စီစဉ်လျက်ရှိကြောင်း၊ ပထမတစ်ခုမှာ မြန်မာနိုင်ငံအပေါ် ကမ္ဘာကစိတ်ဝင်စားမှုပိုမိုရရှိအောင် ဆွဲဆောင်နိုင်ရန်ဖြစ်ပြီး ဒုတိယအပိုင်းမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးသွားကြော်ငြာများ ထည့်သွင်းထုတ်လွှင့်ပေးရန်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် လိုင်းအသစ်တစ်ခုကိုလည်း ထပ်မံတိုးချဲ့ထုတ်လွှင့်သွားမည့် အစီအစဉ်များကို လုပ်ငန်းရှင်ကြီးများအား အသိပေးပြောကြားလိုကြောင်း၊ ၎င်းလိုင်းအသစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍများတွင် ကဏ္ဍတစ်ခုစီအတွက် လုပ်ငန်း၏ ရှိပြီးသားအရင်းအမြစ်တန်ဖိုးများကို နိုင်ငံခြားသားများသိရှိအောင် ဆောင်ရွက်ပေးမည့် အစီအစဉ်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ယခုရရှိမည့် အခွင့်အရေးကောင်းကို လက်လွှတ်မခံသင့်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းသည် ပြန်ကြားရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိဝန်ကြီးဌာနကကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာ ပွဲတော်သတင်းကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ရုပ်မြင်သံကြားနှင့် သတင်းစာများက နေ့စဉ်ဖော်ပြထုတ်လွှင့်ပေးနေ၍သာ ပြည်တွင်းပြည်ပရှိ ပြည်သူများက သိရှိစိတ်ဝင်စားလာခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ဌေးက ရုပ်မြင်သံကြားလိုင်းများ ထုတ်လွှင့်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ Forever Group Co., Ltd မှ ဒါရိုက်တာ ဦးဝင်းမော်က ရုပ်မြင်သံကြားလိုင်းအသစ် အစီအစဉ်နှင့် အခြားရုပ်မြင်သံကြားလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်မည့် Digital Receiver ဖြစ်သည့် Myanmar Media Box (MM Box) အကြောင်းကိုလည်းကောင်း၊ Inforithm-Maze Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းစုငြိမ်းက ခရီးသွားလုပ်ငန်း မြှင့်တင်ရေး စီဒီရွှမ်

ဆဲဗင်းဒေးစ်နယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၄၆)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ခေတ်မီအဆောက်အအုံကြီး ၂၀၀၅ ဒီဇင်ဘာလတွင် လုပ်ဆောင်ပြီးစီးရန် လျာထား၊နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးအဖြစ်ပေါ်ထွန်းလာမည်။ အပျော်စီးခရီးသွားလိုသူ ချင်းတွင်းနှင့် သံလွင်သင်္ဘောများ ဌားရမ်းနိုင်၊ ကဏန်းများ တရုတ်နိုင်ငံသို့ တင်ပို့၊ ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များယခုနှစ် စာချုပ်သက်တမ်းကုန်လွန်လျှင် လုံးဝဖြုတ်သိမ်းမည်၊ သက်တမ်းသစ် မတိုးနိုင်ရန်ကြိုတင်အသိပေးစောင့်ကြပ်သွားမည်

စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

(အပေါ်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၂၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၀	၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၀	၇။ မျိုးချစ်တပ်မတော်
၄း၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) ဒုတိယနှစ် (စာရင်းအင်းပညာ) (ခ) တတိယနှစ် (ပထဝီဝင်)
၅း၃၀	၁၀။ ပညာခေတ်
၅း၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ မြန်မာ့ရှုခင်း
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၁၃)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လှိုင်ပုနဲ့သောင်းချမ် (အပိုင်း-၂၈)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အီလက်ထရွန်းနစ် သင်တန်းတက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

အီလက်ထရွန်းနစ် နည်းပညာများ တိုးတက်နေသည့်ခေတ်တွင် လူငယ်၊ လူရွယ်များအီလက်ထရွန်းနစ်၏ အခြေခံသဘောတရားများ သိရှိရန် Electronic Skill Course Level(1) ကိုလည်းကောင်း၊ Level(1) အောင်မြင်ပြီးသူများအတွက် ESC Course Level II ကိုလည်းကောင်း၊ VCD Repair Course ကို လည်းကောင်း TECH Training Centre တွင် ဖွင့်လှစ်နေပြီဖြစ်သည်။ ရန်ကုန်-အင်းစိန်လမ်း၊လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၇၀၅၇၀၂၊ ၅၃၉၅၃၁နှင့် ၅၀၅၉၈၆ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးကိုလေးအား တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၁/၂၀၀၄)

၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၁၅ရက်
(၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးကိုလေးအား ယနေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
(ပုံ) စိုးဝင်း
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

➪ ပြည်နယ်နှင့်တိုင်းမှ

ရောဝတီတိုင်းနှင့် မန္တလေးတိုင်းတို့ ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးရေးအတွက် နှစ်သင်းစလုံး တက်ကုန်ရှက်စုံဖွင့် ကစားခဲ့ကြသည်။ မန္တလေးတိုင်းအသင်းမှာ ဦးဆောင်ဂိုး စတင်သွင်းယူနိုင်သော်လည်း ရောဝတီတိုင်းက ချေပဂိုး၊ အနိုင်ဂိုးတို့ကို ပြန်လည်သွင်းယူနိုင်သဖြင့် ဗိုလ်လုပွဲသို့ တက်ခွင့်ရသွားသည်။

ရောဝတီနှင့် မန္တလေးတို့သည် (၄၇)ကြိမ်မြောက် အကြိုဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ဖူးပြီး ထိုစဉ်က မန္တလေးက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ယခုအကြိမ်ထပ်မံတွေ့ဆုံရာတွင် ရောဝတီက ရှုံးကြွေးပြန်ဆပ်ကာ ဗိုလ်လုပွဲသို့ တက်သွားကြပြီဖြစ်သည်။

ပထမပိုင်းတွင် မန္တလေးက ပိုဖိကစားနိုင်ခဲ့ပြီး ရောဝတီမှာ ရံဖန်ရံခါသာ ထိုးဖောက်ကစားနိုင်ခဲ့သည်။ ၄၁ မိနစ်တွင် ရောဝတီ ဂိုးသမားသောင်းညွှန့် အမှားမှတစ်ဆင့် တိုက်စစ်မှူး ဝဏ္ဏဇေယျာလွင်က မန္တလေးအသင်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူလိုက်သဖြင့် ပထမပိုင်းတွင် မန္တလေးက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းအစတွင် မန္တလေးက ဆက်လက် ဖိကစားနိုင်သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ရောဝတီက ပြန်ဖိကစားလာနိုင်သည်။ ရောဝတီတိုက်စစ်ကို မန္တလေး ခံစစ်ကြောင်းက မနားတမ်း ဖျက်ထုတ်နေသည့်ကြားမှ ၃၉မိနစ်တွင် ရောဝတီတိုက်စစ်ကို မန္တလေးဂိုးသမား အောင်မျိုးနိုင်ကာကွယ်ရာ လက်မှ လွတ်ကျလာစဉ် အသင့်ရှိနေသော စစိုးစံက ခေါင်းတိုက်သွင်းယူလိုက်၍ ရောဝတီ ချေပဂိုး ပြန်လည်ရရှိသွားသည်။ သာမန်ကစားချိန် မိနစ် ၉၀ပြည့်သည်အထိ တစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရသည်။

အချိန်ပို ပထမပိုင်းလေးမိနစ်မှာပင် ရောဝတီ တိုက်စစ်မှူးတစ်ဦးအား မန္တလေးဂိုးသမား အောင်မျိုးနိုင်က ခပ်ကြမ်းကြမ်း ဖျက်ထုတ်လိုက်၍ ဒိုင်လူကြီးက ပိုင်နယ်တီ သတ်မှတ်လိုက်သည်။ အဆိုပါ ပိုင်နယ်တီကို အသင်းခေါင်းဆောင် ရာဇာစိုးက ကန်သွင်းလိုက်၍ ရောဝတီတိုင်းအသင်း အနိုင်ဂိုး(ရွှေဂိုး)ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဖေဖော်ဝါရီ ၆ရက်တွင် ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းနှင့် ကရင်ပြည်နယ်တို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(ကြေးမုံ)**

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် ရောဝတီတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (ကြေးမုံ)

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်စန်းစန်းအေး PP-No: 348037 ယုဇနစင်တာအနီးတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါ။

Ph: 201545.

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
1	General Manager	[illegible]	[illegible]	MBA/B.E (Management Diploma)	[illegible]	[illegible]
2	Marketing Manager	[illegible]	[illegible]	MBA/B.E/B.Sc (Management and Marketing Diploma)	[illegible]	[illegible]
3	Administrative Manager	[illegible]	[illegible]	B.A/B.Sc (Management Diploma)	[illegible]	[illegible]
4	Quality Assurance Manager	[illegible]	[illegible]	B.Sc (Chem/Phy)	[illegible]	[illegible]
5	Executive Secretary	[illegible]	[illegible]	B.Sc/B.A (English)	[illegible]	[illegible]
6	Marketing Executive	[illegible]	[illegible]	[illegible]	[illegible]	[illegible]
7	Accountant	[illegible]	[illegible]	B.Com/LCCI Level (III)	[illegible]	[illegible]
8	Executive In Advertising & Promotion	[illegible]	[illegible]	[illegible] Graphic Design Diploma	[illegible]	[illegible]
9	Service Technician	[illegible]	[illegible]	A.G.T.I (ELE/MECH)	[illegible]	[illegible]
10	TQM Promoter	[illegible]	[illegible]	B.A (English)/B.Sc/B.E	[illegible]	[illegible]
11	Administrative Staff	[illegible]	[illegible]	B.A/B.Sc	[illegible]	[illegible]
12	Receptionist	[illegible]	[illegible]	B.A/B.Sc	[illegible]	[illegible]
13	Quality Assurance Staff	[illegible]	[illegible]	B.Sc (Chem/Phy)	[illegible]	[illegible]
14	Sales Man	[illegible]	[illegible]	B.Sc/AGTI	[illegible]	[illegible]
15	Helper	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စမ်းချောင်းမြို့နယ် ကျိုက်လတ်လမ်း အမှတ်(၃၈)နေ ဆရာကြီး ဦးခင်မောင်ရီမိသားစုက ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ "နာရေးကူညီမှုအသင်း" (ရန်ကုန်)သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က–ပ)

မျက်နှာများတဲ့ကောင်းကင် ဇာတ်ကားသစ် ရုံတင်

ရန်ကုန် ဖေဖော်ဝါရီ ၅

ယခုသောကြာပတ်တွင် ဘရဏီရုပ်ရှင်မှ ဇာတ်ညွှန်းငြိမ်းမင်း ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ပါဝင်သည့် **မျက်နှာများတဲ့ကောင်းကင်** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများ၌ တင်ဆက်ပြသလာသည်။

ပင်လယ်ပြာနှင့် ကောင်းကင်

ပင်လယ်ပြာနှင့် ကောင်းကင်တို့၏ အကျယ်အပြော သဘာဝနှင့် ခိုင်းနှိုင်းပြီး ချစ်ခြင်းမေတ္တာ၊ အမုန်းတရား၊ ထွေပြားမှုတို့ကို အခြေခံ၍ ဖြစ်ပေါ်လာသော မေတ္တာဇာတ်လမ်းကို ဦးမြတ်နိုးအောင်၊ ကျော်စွာ၊ စန္ဒီ၊ ဂျူလီယာတို့ဖြင့် ခင်းကျင်း ပြသထားသည်ကို တွေ့ရသည်။

ပေါက်ပေါက်မြောက်မြောက်

ဆက်လက်၍ လူစွမ်းကောင်းရုပ်ရှင်မှ ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး ရာဇာနေဝင်း နှစ်ကိုယ်ခွဲ၊ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာတို့ သရုပ်ဆောင်သည့် **ပေါက်ပေါက်မြောက်မြောက်** အချစ်ဇာတ်မြူးဇာတ်ကား ရွှေဆောင်နှင့် နဝဒေးရုံများတွင် ပြသနေသည်။

အိပ်မက်နတ်သမီး

ချစ်ခြင်းမေတ္တာကို လှပစွာသီကုံးဖွဲ့နွဲ့ထားသော ဒွေး၊ အိန္ဒြာကျော်ဇင်နှင့် ထွန်းအိန္ဒြာဗိုတို့ သရုပ်ဆောင်သည့် မိုးကောင်းကင်ရုပ်ရှင်မှ **အိပ်မက်နတ်သမီး** ဇာတ်ကား ဝဇီရာ၊ ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် ဆက်လက်အောင်ပွဲခံပြသနေသည်။

“မျက်နှာများတဲ့ကောင်းကင်”ဇာတ်ကားမှ ရန်အောင်နှင့် အိန္ဒြာကျော်ဇင်။

“ပေါက်ပေါက်မြောက်မြောက်”ဇာတ်ကားမှ ရာဇာနေဝင်းနှင့် စိုးမြတ်နန္ဒာ။



KHIL DI 420 **ဇာတ်ကားမှ သရုပ်ဆောင်ကွက်။**

ရွှေဂုန်ရုံတွင်ဒါရိုက်တာလူမင်းခေါင်ရိုက်ကူး၍ စိုင်းစိုင်းခမ်းလှိုင်နှင့် ထွန်းအိန္ဒြာဗိုတို့ပါဝင်သော **မျှော်လင့်ခြင်းကမ်းပါး**အဆင့်မြင့်ဗီဒီယိုဇာတ်ကား ဆက်လက်ပြသနေသည်။

နေပြည်တော်ရုံတွင် So Close အမည်ရှိ ကိုရီးယားမင်းသား Song Seung Hun (ဂျွန်စော) ပါဝင်သည့် အက်ရှင်သိုင်းဇာတ်ကား ပြသနေသည်။

မြို့မရုံတွင် Khil Di 420 အမည်ရှိ အိန္ဒိယအချစ်နှင့် အက်ရှင်ဇာတ်ကား ရုံတင်လာသည်။ သရုပ်ဆောင်များအဖြစ် အရှစ်ကူးမား၊ မာဟီမာချောင်ဒရီတို့ ပါဝင်ထားကြသည်။

ဆုထူးပန်ရုံတွင် ရိုသစ်ရောရှန်း၊အမီရှာပတေးတို့၏ လှပသော လှုပ်ရှားမှုများဖြင့် ရိုက်ကူးထားသည့် မေတ္တာဖွဲ့ အိန္ဒိယဇာတ်ကား AAP Mujhe Achche Lague Lage ရုံတင်ပြသနေသည်။

ရတနာပုံရုံတွင် အိန္ဒိယရုပ်ရှင်၌ အကယ်ဒမီ ရှစ်ဆုရရှိခဲ့သည့် Kuch Kuch Hota Hai အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ သရုပ်ဆောင် ရှရွတ်ခန်းနှင့် ကာဂျိုးတို့ ပါဝင်ကြသည်။ **(ကြေးမုံ)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွေးခံအိတ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

Korea International Co.- Operation Agency (KOICA) က ငွေကျပ်သိန်း ၄၀ ခန့် တန်ဖိုးရှိ သွေးခံအိတ် ၁၀၀၀ ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီတွင် လာရောက်လှူဒါန်းရာ ဒုတိယ ဆေးရုံအုပ် ဒေါက်တာ သန်းထွန်း၊ KOICA မှ ဌာနေ ကိုယ်စားလှယ် Ms. Sook - hee - Baek၊ အမျိုးသား သွေးဌာန တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ သီတာအောင်၊ ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြပြီး KOICA မှ Ms.Sook-hee-Baek က သွေးခံအိတ် လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး သွေးခံအိတ်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန အတွက် ဒုတိယ ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းထွန်းက လက်ခံရယူကာ ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

လက်ခံ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနအတွက် Korea International Co. Operation Agency **မှ** Ms. Sook-Hee-Baek **က သွေးခံအိတ်များလှူဒါန်းရာ ဒုတိယ ဆေးရုံအုပ် ဒေါက်တာသန်းထွန်းက လက်ခံယူစဉ်။** (သတင်းစဉ်)

စင်ထရယ်ကျောင်းသားဟောင်းများ၏ (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၁၉၆၅ ခုနှစ်နောက်ပိုင်း စင်ထရယ် အထက(၁)လသာ ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၈ ရက်နံနက် ၉ နာရီတွင် အထက(၁)လသာ (ဗဟိုစံပြခန်းမ)တွင် ကျင်းပမည်ဖြစ်သည်။ မိတ်ဆုံပွဲသို့ ၁၉၅၅ မှ ၁၉၈၅ ခုနှစ်အတွင်း လုပ်ကိုင်ခဲ့သော လုပ်သက် ငါးနှစ်ဆက်တိုက် လုပ်ကိုင်ခဲ့ကြသည့် အသက်ပြည့် အငြိမ်းစား ဆရာ၊ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း–၂၄၅၃၀၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဆလုံကျွန်း/ သူ့ဌေးကျွန်းနှင့်ကော့သောင်းမြို့များသို့ သံလွင်သဘောထွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ သံလွင်သင်္ဘောသည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီတွင် သာကေတဆိပ်ခံတံတားမှ ကော့သောင်းမြို့သို့ထွက်ခွာမည်ဖြစ်သည်။ ခရီးစဉ်တွင် သူ့ဌေးကျွန်း/ ဆလုံကျွန်းများသို့ သွားရောက်လည်ပတ်နိုင်ရေးစီစဉ်ထားပြီး ကိုကိုးကျွန်းခရီးစဉ်တွင် လိုက်ပါခဲ့သူများအတွက် ၁၀ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

သံလွင်သင်္ဘောပေါ်တွင် တရုတ်၊ မြန်မာ၊ ဥရောပအစားအစာများ၊ ကာရာအိုကေနှင့် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိပြီး ခရီးသည်ခနွှန်းထားများမှာ ရိုးရိုးတန်း လူကြီး ကျပ် ၅၀၀၀၀၊ ကလေး ကျပ် ၂၅၀၀၀၊ နိုင်ငံခြားသား ယူနစ် ၃၀၀ ဖြစ်သည်။ ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် အထူးဈေးနှုန်းစီစဉ်ပေးမည်ဖြစ်သည်။

လက်မှတ်များကို လွယ်ကူစွာဝယ်ယူနိုင်ရန် ယမုံနာကုမ္ပဏီလီမိတက် အမှတ်(၁၁/A) မြေနုလမ်း မြေနီကုန်း ဖုန်း–၅၂၆၇၂၂၊ ရွှေအိမ်ကမ္ဘာကုမ္ပဏီလီမိတက် အမှတ် ၂၅၁ ပထပ်(ညာ) ၃၇ လမ်း (အထက်) ကျောက်တံတား ဖုန်း–၀၉–၉၉–၂၆၁၃၁၊ ၂၄၉၁၁၈၊ OCEANWIDE International Myanman အမှတ် ၂၇၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ခုနစ်လွှာအခန်း (၂၃) အေးရှားပလာဇာ ဖုန်း–၂၄၀၈၇၅ နှင့် ဦးမြင့်စိုး ဖုန်း–၂၂၄၄၈၉တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (က–ပ)

တွံတေးမြို့နယ်အသင်း(ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်၈နာရီတွင် ရွှေတိဂုံဘုရားလမ်းတောင်ဘက်မုခ် မွန်ဓမ္မာရုံတွင်ကျင်းပမည်ဖြစ်သည်။ အသင်းသားများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အသင်းသားများ၏ သားသမီးများမှ ၂၀၀၀–၂၀၀၁၊ ၂၀၀၂–၂၀၀၃ ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ နိုင်ငံတော်အဆင့် စာပေ၊ အားကစား၊ ဂီတ၊ သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယရသူများအား ဆုချီးမြှင့်နိုင်ရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် (၇၅)နှစ်နှင့်အထက် အသင်းသားများနှင့် မိဘများ အမည်စာရင်းကို ဖေဖော်ဝါရီ ၂၂ ရက်နောက်ဆုံးထား၍ ဒေါ်သင်းသင်း ဖုန်း–၅၆၅၈၈၁၊ ဦးလှသိန်း ဖုန်း–၅၇၈၆၇၁၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း–၂၄၃၁၆၃နှင့် နီးစပ်ရာအမှုဆောင်များထံ သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (က–ပ)

မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

၁၉၉၀၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ ခုနှစ်များ၌ တက္ကသိုလ်ဝင်တန်း အသီးသီးဖြေဆိုခဲ့ကြသည့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စု) နေ့တွင် နံနက် ၈ နာရီခွဲတွင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းခန်းမဆောင်သစ်၌ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြတ်ဆရာကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် သန့်မြတ်ဦး ဖုန်း–၀၉–၅၀–၀၇၀၆၁၊ စိုးထက်ဝင်း ဖုန်း–၀၉–၈၀–၂၀၈၉၄၊ ခိုင်ဝင်း ဖုန်း–၀၉–၈၀–၃၃၀၃၃၊ ကောင်းဇံ ဖုန်း–၀၉–၈၀–၃၂၁၁၉၊အာကာကျော်ဝင်း–ဖုန်း–၀၉–၅၀–၁၅၇၃၃၊ လှမျိုး ဖုန်း–၆၃၅၈၉၁၊ ဇော်နိုင်သိန်း ဖုန်း–၀၉–၅၀–၀၂၄၆၅၊ အောင်သက်ပိုင် ဖုန်း–၀၉–၅၀–၀၄၂၇၅၊ ကျော်လှိုင်ဝင်း ဖုန်း–၀၉–၅၀–၀၇၃၉၃၊ အောင်ဘုန်းမြင့် ဖုန်း–၀၉–၅၀–၀၃၆၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)







ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ သခင်အုံးဖေလမ်းနေ
ဦးမျိုးမင်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်း၊
အမှတ်–၂၊ စက်မှုဝန်ကြီးဌာန) – ဒေါ်မြသိန်း(ဌာနခွဲမှူး၊ ငြိမ်း၊
အမှတ်–၂၊ စက်မှုဝန်ကြီးဌာန)တို့၏သားကြီး

မောင်တင်အောင်မျိုး B.E°(Electronic)
MOT 2nd Class Part (A)
3rd Engineer (Lizstar Enterprise Co., Ltd.)
နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၄၂၀)နေ
ရဲမှူးကျော်လှိုင်(သတင်းတပ်ဖွဲ့) – ဒေါ်တင်လှိုင်တို့၏သမီးလတ်

မသီသီကျော် B.E°(Electronic)
လက်ထောက်အင်ဂျင်နီယာ
သာကေတဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

တို့၏ ၃၁–၁–၂၀၀၄ရက် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဆောင်မွန်ပေးပို့ချီးမြှင့်ပေးပါသော အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဇနီး ဒေါ်မိုးမိုးမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဇနီး ဒေါ်စန္ဒာအောင်၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၏ဇနီး ဒေါ်မိမိဝေ၊ မင်္ဂလာအောင်စပယ်ကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်သိန်းငွေ(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ရွှေ၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော စက်မှုဆောင်ရွက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးခင်မောင်လင်းနှင့်ဇနီး ဒေါ်ခင်လှိုင်ဝင်း၊ ၂၂–၁–၂၀၀၄နေ့တွင် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးထွန်းရှင်၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဇနီးများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော ဒေါ်စိမ်းမို့မို့နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြိုပေးသော တူမလေး သော်တာဝင်းထွန်း၊ မင်္ဂလာအောင်စပယ်ကုံးနှင့် လက်စွပ် ကိုင်ဆောင်ပေးသော စန်းစန်းမြတ်နှင့် အေးအေးကြွယ်၊ သတို့သားအရံ၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော ဇော်လင်းဦးနှင့်တင်တင်မာ၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော စိုးစိုး၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒေါ်လာမြင့်အောင်၊ ပန်းအလှဆင်ပေးသော မလေးရှားသန်းမြင့်၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညွှပ်နှင့်အဖွဲ့၊ Yuzana Garden Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်အောင်မျိုး – မသီသီကျော်။

ဝမ်းမြောက်ဂုဏ်ပြုခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် **ဦးမောင်မောင်**(Asia Express Construction)အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ **အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ** ဘွဲ့တံဆိပ်တော် အပ်နှင်းချီးမြှင့်ခံရသဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ
လုပ်ငန်းရှင်များအသင်း။

ဘဲလေး
Digital Photo Studio
အလှဆုံးဓါတ်ပုံ အကောင်းဆုံးဆေးသား
ဘဲလေး မှာရိုက်ရင်
အမှတ် (၁၇၄)၊ ၂၈–လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၆၅၀၂

Sunshade
Limpo Co.,Ltd

အမည်ပြောင်းခြင်း

ဦးတင်ဆောင်၏သား ဒဂုံတက္ကသိုလ် တတိယနှစ်(ပထဝီဝင်)မှ ကျော်ထက်ဆောင် [၁၂/မဂဒ(နိုင်)၁၀၂၃၄၄]အား ဟိန်းထက်နေဇော်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **ဟိန်းထက်နေဇော်။**

အမည်ပြောင်းခြင်း

ဦးခင်မောင်ရွှေ၏ သား ဒဂုံ အထက(၁) နဝမတန်း(E)မှ မောင်ရဲဝင်းဟိန်းအား မောင်ဇေယျာမင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာမင်း။**

အမည်ပြောင်းခြင်း

ဦးကျော်ကျော်ဝင်း၏သားအထက (၂)ဗိုလ်တထောင်၊ သူငယ်တန်း(က)မှ မောင်ဟိန်းဇင်ပိုင်အား ယနေ့မှစ၍ မောင်မင်းကုဋေပိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းကုဋေပိုင်။**

လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့နေ
ဒေါက်တာဦးခင်မောင်ကြည်(တွဲဖက်ပါမောက္ခ၊ ခွဲစိတ်ကုပညာဌာန၊ မန္တလေးဆေးတက္ကသိုလ်)– ဒေါက်တာ ဒေါ်ညွန့်မေ(ကထိက၊ မေ့ဆေးပညာဌာန၊ မန္တလေးဆေးတက္ကသိုလ်) တို့၏သားကြီး

ဒေါက်တာမောင်မောင်ငြိမ်းထွန်း M.B.,B.S(MDY)
နှင့်

ရန်ကုန်မြို့နေ
ဦးမြင့်ဆွေ – ဒေါ်နုနုရီ(ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)တို့၏သမီးကြီး

ဒေါက်တာဆွေဇင်ဦး M.B.,B.S(YGN)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးပါ၍ ၃–၁–၂၀၀၄(စနေနေ့)တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ မင်္ဂလာညှော်ခံပွဲ အခမ်းအနားပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမောင်မောင်ငြိမ်းထွန်း – ဒေါက်တာဆွေဇင်ဦး။

အခြေခံပညာအထက်တန်းကျောင်း၊ သုံးဆယ်မြို့၊ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အခြေခံပညာအထက်တန်းကျောင်း၊ သုံးဆယ်မြို့တွင် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ အမှုထမ်းခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ပြုလုပ်မည်ဖြစ်၍ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် –၁၂–၂–၂၀၀၄(ပြည်ထောင်စုနေ့)
ကျင်းပမည့်နေရာ –ပိမိုးနှင်းခန်းမ၊ အထက (သုံးဆယ်မြို့)
ကျင်းပမည့်အချိန် –မွန်းတည့် (၁၂)နာရီတိတိ

ပူဇော်ခံမည့် ဆရာကြီး၊ ဆရာမကြီးများ မပျက်မကွက်ကြွရောက်ပါရန် ကြိုတင် ဖိတ်ကြားအပ်ပါသည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်းများသည် အောက်ပါလိပ်စာအတိုင်း ဆက်သွယ် လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။
ဦးမောင်မောင်မြင့်–ကျောင်းအုပ်ဆရာကြီး၊ အထက၊ သုံးဆယ်မြို့။
ဒေါ်ခင်ရီ–အထက်တန်းပြ၊ အထက၊ သုံးဆယ်မြို့၊ ဖုန်း–သာယာဝတီ ၆၇။
ဦးတင်မောင်ဝင်း–၅၆၊ ဒေါ်သိန်းတင်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၈၇၇၇၄။
ရန်ကုန်မြို့မှကားကြိုပို့အစီအစဉ်–၁၂–၂–၂၀၀၄နေ့ နံနက် ၈နာရီတွင် သခင်မြပန်းခြံအနီး စံချိန်မီကားဂိတ်ဟောင်းမှ သုံးဆယ်မြို့သို့ ထွက်ခွာပါမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ချိပ်ပိတ်တင်ဒါ(Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊မြို့ပြအင်ဂျင်နီယာဌာနနှင့် စီးပွားရေးဌာနအတွက်အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) သွပ်ပြားဆိုဒ်စုံ (1-Lot)
(၂) Paint (1-Lot)
(၃) ကတ္တရာ (50-Ton)
(၄) ငွေသေတ္တာ (20-Nos)
ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်–၂၀–၂–၂၀၀၄ (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါ ဖွင့်ဖောက်မည့်ရက်နှင့်အချိန်–၂၀–၂–၂၀၀၄ (၁၄:၀၀)နာရီ
၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၆–၂–၂၀၀၄)နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၄၊ ၆၁၃။

ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition) CHAT Communication in English Course သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန(SEAMEO Regional Centre for History and Tradition)၏ အစီအစဉ်ဖြင့် အောက်ပါ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။
(က) **ဖွင့်လှစ်မည့်သင်တန်းများ**– CHAT Communication in English Course
i. Basic Level Course
ii. Intermediate Level I Course
iii. Intermediate Level II Course
iv. Advanced Level I Course
(ခ) **ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ** – ၁၄–၂–၂၀၀၄ရက်နေ့မှ ၂–၅–၂၀၀၄ရက်နေ့အထိ (၁၂)ပတ်(Basic;Intermediate I;Intermediate II)
၁၄–၂–၂၀၀၄ရက်နေ့မှ၃၀–၅–၂၀၀၄ရက်နေ့အထိ (၁၆)ပတ် (Advanced I)
(ဂ) **သင်တန်းဖွင့်လှစ်မည့်နေရာ** – ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့။
(ဃ) **သင်တန်းပို့ချမည့်နေ့နှင့်အချိန်** – Mon, Wed, Fri(7:00 to 9:00); (17:00 to 19:00)
Tue, Thur, Sat(7:00to9:00):(17:00to19:00)
Thur, Sat, Sun (7:00 to 9:00)
Sat, Sun (9:00 to 12:00): (12:00 to 15;00); (15;00 to 18;00)
တန်းခွဲတစ်ခုတွင် သင်တန်းသား(၃၀)ဦးသာ လက်ခံပါမည်။ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။
(င) **သင်တန်းဝင်ခွင့်အရည်အချင်း** – Basic Level Courseအတွက် အနိမ့်ဆုံးအခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်းလက်မှတ်ရသူများ၊
– Intermediate Level I Course အတွက် Basic Level Courseတက်ရောက် အောင်မြင်ပြီးသူများ၊
– Intermediate Level II Course အတွက် Intermediate Level I Course တက်ရောက် အောင်မြင်ပြီးသူများ၊
– Advanced Level I Course အတွက် Intermediate Level II တက်ရောက် အောင်မြင်ပြီးသူများ၊
– Intermediate Level I Course သို့ တိုက်ရိုက်တက်ရောက်လိုသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၈–၂–၂၀၀၄ နံနက်(၁၁)နာရီမှ (၁၂)နာရီအထိ ဖြေဆိုရပါမည်။ ၎င်းစာမေးပွဲအတွက် ဝင်ကြေးငွေ ၅၀၀ိ/–ကို၈–၂–၂၀၀၄ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ပေးသွင်းရပါမည်။ အဆိုပါ ဝင်ခွင့်စာမေးပွဲသို့ (၂၅)ဦးသာ ဝင်ရောက် ဖြေဆိုခွင့်ပြုပါမည်။
(စ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** – ၉–၂–၂၀၀၄
(ဆ) **လျှောက်လွှာပိတ်မည့်ရက်** – ၁၁–၂–၂၀၀၄
၂။ Advance Level II Course ကို စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ်သင်တန်းချိန်ပြည့်မီအောင် တက်ရောက်ထားသူများအား Diploma လက်မှတ်ပေးအပ်ပါမည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။ (ဖုန်း –၅၁၅၁၈၀၊ ၅၁၉၇၀၈)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မဆ/၂၉၀၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ (မူဆယ်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(မူဆယ်)။

Tel : 09-99-26131, 249118
OCEANWIDE International Myanmar
277, Bogyoke Aung San Road,
7th Floor, Room No (23), Asia Plaza. Tel : 240675

Mastiff နှင့် Rottweiler ခွေးရောင်းရန်

Old English Mastiff အဖြစ် လူသိများသော လိမ္မာယဉ်ကျေး အသိဉာဏ်မြင့်မား၍ အမြင့် ၃၂လက်မထိကြီးမားသော ခွေးကြီးမျိုး (Import)မှ ပေါက်သော သုံးလသား Mastiff သားပေါက်လေးများနှင့် စံချိန်မီ Rottweiler (Import) အထီး၊ အမမှပေါက်သော ကျန်းမာသန်စွမ်းသော (၂)လသားRottweiler သားပေါက်လေးများ ဦးရာလူရောင်းမည်။

အမှတ်(၁၁၉၆)၊ ခ/၁လမ်း၊ အင်းစိန်မြို့သစ်။

"ရထိုက်"
01-372213
02-31158

ကျေးဇူးဆပ်ပါမည်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းနေအိမ်မှ ရန်ကုန်ဘူတာကြီးသို့ အငှားယာဉ်ဖြင့် သွားခဲ့ရာတွင် ဘူတာကြီးအဝင်ဝ၌ ငွေထုတ်ပေးစဉ် နိုင်ငံသားကတ်ပြား၊ ကျောင်းသားကတ်ပြားနှင့် အဖိုးတန်ပစ္စည်းများပါသော ပိုက်ဆံအိတ်ကျကျန်ခဲ့ပါ၍တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

မမိမိဝင်း
၂၇၄/ပထမထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အမြန်ရောင်းမည်

၁၂ဒ'x၅၀'၊ လှည်းတန်းဈေးအနီး၊ မြေညီထပ်၊ ဖုန်း၊ Aircon၊ ရေပူ/ရေအေး၊ ကမာရွတ်၊ ပြင်ဆင်ပြီး။

၂၅'x ၅၅'၊ တရုတ်ကျောင်းလမ်း၊ မြေညီထပ်၊ ပြင်ဆင်ပြီး၊ စမ်းချောင်းမြို့နယ်၊ ညှိနှိုင်းဈေး။

ဖုန်း–၀၉–၈၀–၂၀၅၂၅။

[illegible]

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လေလံကြော်ငြာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ကော်မတီပိုင်လုပ်ငန်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်းနှင့် ကော်မတီပိုင်ပစ္စည်းများ လေလံတင်ရောင်းချခြင်းကို ယှဉ်တွဲဖော်ပြပါ နေ့ရက်များတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

စဉ်	လုပ်ငန်း/ပစ္စည်းအမျိုးအစား	လေလံပွဲကျင်းပမည့်	
		နေ့ရက်	အချိန်
၁	အခွန်ဌာနမှ လိုင်စင်ရ ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ တန်ပိုကြေးကောက်ခံမှုလုပ်ငန်းများ၊ ငမိုးရိပ်တံတားဖြတ်သန်းခကောက်ခံမှုလုပ်ငန်း၊ သိမ်ဖြူယာဉ်မောင်းသင်ကွင်း ယာဉ်ဝင်ခနှင့်လေ့ကျင့်ကြေးကောက်ခံမှုလုပ်ငန်း၊ စော်ဘွားကြီးကုန်း၊ အောင်မင်္ဂလာ၊ ဒဂုံ–ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းယာဉ်ဝင်ခနှင့် ညအိပ်ခွန်ကောက်ခံခြင်းလုပ်ငန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများရှိ ယာဉ်ဝင်ခနှင့်ညအိပ်ခွန်ကောက်ခံခြင်းလုပ်ငန်း၊ မင်းဓမ္မလမ်းယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းများ၊ စော်ဘွားကြီးကုန်း၊ ဘုရင့်နောင်စခန်းဝင်းရှိ ရေချိုး၊ သန့်စင်ခန်းလုပ်ငန်းများ၊ ယာယီစုပုံလုပ်ငန်းဆောင်ရွက်ရန် မြေကွက်အငှားချထားခြင်းနှင့် ကူးတို့လုပ်ငန်းများ၊	၁–၃–၂၀၀၄ (တနင်္လာနေ့)	၀၉:၀၀
၂	အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ကန့်သတ်ဇုန်နှင့်ကန့်သတ်နေရာများအတွက် ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်းများ၊	၃–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့)	၀၉:၀၀
၃	ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပန်းခြံဝင်ငွေရလုပ်ငန်းများ၊	။	။
၄	ဈေးများဌာနမှ သန့်စင်ခန်းနှင့် ယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းများ၊	။	။
၅	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ သန့်စင်ခန်းများ၊ ဆိုင်ခန်းများ အငှားချထားခြင်းနှင့် ခဝါရုံလုပ်ငန်း၊	။	။
၆	မြို့တော်ဂေါက်ကွင်းရှိ စားသောက်ဆိုင်များ၊ လူသုံးကုန်ဆိုင်ခန်းများ အငှားချထားခြင်း၊	။	။
၇	ဈေးများဌာနမှ ဘုရင့်နောင်ဈေး နှစ်ထပ်ရုံဆိုင်ခန်းများ ရောင်းချခြင်း၊	၄–၃–၂၀၀၄ (ကြာသပတေးနေ့)	၀၉:၀၀
၈	အခွန်ဌာနမှ ဒဂုံ–ဧရာပွဲရုံနှင့်အဝေးပြေးဆိုင်ခန်းများ၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းမှ ဆိုင်ခန်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၃)စီးပွားရေးဖွံ့ဖြိုးမှုဇုန်မှ ဆိုင်ခန်းများ ရောင်းချခြင်း၊		
၉	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းယာဉ် ကိုယ်ထည်နောက်ပိုင်း၊ Tractor များ ရောင်းချခြင်း၊	။	။
၁၀	အနေးယာဉ်ဆိုက်ကား ပစ္စည်းဟောင်းများ၊ စက်ဘီး၊ မြက်ဖြတ်စက်အဟောင်းများ၊ တာယာအသစ်များ၊ တာယာအဟောင်းများ၊ (၂)ပေမီးချောင်း၊ (၄)ပေမီးချောင်းနှင့်ဖရိန်အဟောင်းများ၊ လမ်းအချက်ပြမီးအဟောင်းများ၊ ပိတ်စအဟောင်းများ၊ ပရိဘောဂအပျက်များ၊ မီးသတ်ဆေးဘူးအခွံများ၊Tryton Joint Lubrieant နှင့် Black Varnish များ၊ မီးစလောင်းဟောင်းများ၊ ရေပန့်အဟောင်း၊ ဘာဂီသုံးဘတ္တရီအိုးဟောင်းများ၊ ဘတ္တရီအိုးများ၊ ပလတ်စတစ်ထိုင်ခုံနှင့် ပလတ်စတစ် ပစ္စည်းများ၊ အမှိုက်ပုံးများ၊ မီးဖိုများ၊ ခေါက်စားပွဲများ၊ ထီးဒေါက်အမိုးများ၊ လက်တွန်းလှည်းပျက်၊ ကွမ်းယာခုံ၊ သစ်သားရေခဲခြစ်ခုံများ၊ ရေခဲပုံး၊ ရေပုံး၊ ဖန်ခွက်များ၊ စတီးပန်းကန်ပြား၊ ဇလုံ၊ ကြွေပန်းကန်များ၊ လင်ဗန်းများ၊ ပိုက်ဆက်ပစ္စည်းများ၊ ဝက်အူမျိုးစုံ၊ ကတ္တရာပုံးခွံ(ကတ္တရာပြား)၊ ကိုးစ်လပ်ပုံးခွံများ၊ Printer နှင့် မိတ္တူကူးစက်ဟောင်းများ၊	။	။

လေလံလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီးရှိ ဆယ်ထပ်ရုံး[အင်ဂျင်နီယာဌာန(အဆောက်အအုံ)] ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူ လျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၇–၂–၂၀၀၄(သောကြာနေ့) ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း–၂၄၉၅၂၅၊ ၂၄၈၁၁၂– လိုင်းခွဲ(၂၇၉) သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ရှင်ရာဟုလာ
လူ့လောကအမြင်

ထွက်နေပြီ

ဂုဏ်ထူးစာပေ၊ ၃၃လမ်း၊ ရန်ကုန်။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်သားလေး **ထက်အောင်ရှိန်း(ခ)**Spirit၏ ၆–၂–၂၀၀၄ရက်တွင် ကျရောက်သော တစ်လပြည့်မွေးနေ့မှသည် ထက်မြက်ထူးချွန်၍ အောင်မြင်မှုအပေါင်း ရွှန်းဝေလျက် မိသားစုနှင့်အတူ ဘဝတစ်လျှောက်လုံး သာယာချမ်းမြေ့ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ။

ဖေဖေ–ဦးရှိန်းဝင်းနွယ်

Hyundai Heavy Industries Co.,Ltd. ULSAN.

မေမေ–ဒေါ်မို့မို့အောင်

အစ်မများ–အေးမြဖြူ၊ သူသူထွန်း

သူငယ်ချင်းများ–ဝင်းနိုင်ဦး၊ မြင့်ထွန်း၊ ဇော်မင်း။

သံဃသာစင်ဂမုန်းပျားရည် (သဘာဝအကြောအားတိုးဆေး)
စိတ်သွားတိုင်း ကိုယ်ပါစေခြင်း၊ အကြောကိုက်၊ အကြောနာပျောက်စေခြင်း၊ စားကောင်း အိပ်ပျော်စေခြင်း၊ သွေးတိုးနှလုံးရောဂါပျောက်စေခြင်း။
ပင်ရင်း–တောင်ပေါ်သားဆေးတိုက်၊ အမှတ်(၄၄၄/၇)၊ ရွှေဘုံသာအထက်လမ်း၊ အမေရိကန်ဗိုလ်ရှင်းရှေ့၊ ဖုန်း–၀၁–၂၈၀၃၁၆၊ ဆိုင်ခွဲ(၁)၊ တိုက်(၂၀၃/၆)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၃၀၅ Y ၅၉၀၅၊ တဆထလ–၁၁၂၅။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

ငါး/ပုစွန်ပြုပြင် အအေးခန်းစက်ရုံနှင့် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ဝန်ထမ်းများ အလိုရှိသည်။

၁။ Q.C(Factory) **ကျား (၃) ဦး**
- Marine(Bio) နှင့် ဘွဲ့ရထားသူဖြစ်ရမည်။
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- စက်ရုံတွင် နေနိုင်မည့်သူကို ဦးစားပေးမည်။

၂။ Assistant (Office) **ကျား/မ (၁) ဦး**
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- English စာ/စကားကို ကျွမ်းကျင်စွာ ရေး/ဖတ်/ပြောဆိုနိုင်ရမည်။
- Computer Software/ Hardware ကို နားလည်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ဘွဲ့ရလက်မှတ်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့် လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲလျက် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ–
အမှတ်(၁၆၈)၊ မဟာဗန္ဓုလလမ်းနှင့် ၅၃ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

JOB VACANCY
(For Local Service Only, Salary in Kyats)

The Ayeyarwaddy Agricultural Chemicals Company Ltd is looking forward for the following post to promote Asiatic Pesticides. The candidate should be energetic and mature.

(1) Senior Technical Executive (2) Post.
- B.Ag with (5) years experience in the field of Plant Protection.
- Must be able to travel extensively within Myanmar especially to Magwe / Mandalay Division and Shan State.

(2) Technical Sales Executive (4) Post.
- B.Ag / Diploma with (3) years experience in the field of Plant Protection.
- Will be stationed in Monywa, Magwe, Mandalay and Bago Division.

(3) Store Keeper (1) Post.
- Must possess at least High School Graduate. Candidate should apply in person or by mail. Salary will be offered according to qualification & experience. Please send your resume, recent photo, labour registration to the below address within 10 days after this advertisement. All the application will be kept confidential.

Ayeyarwaddy Agricultural Chemicals Company Ltd.

[illegible]

ဝမ်းမြောက်ကြောင်းကျေးဇူးတင်ရှိခြင်း

၁၃၆၅ခု တပို့တွဲလဆန်း(၈)ရက်မှ လပြည့်နေ့အထိ ၂၉–၁–၂၀၀၄ မှ ၄–၂–၂၀၀၄ မိုးညှင်းသမ္ဗုဒ္ဓေကျောင်းတိုက်၌ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တသုမနမထေရ် ကြီးမှူး၍ တရားစခန်းဖွင့်လှစ်ရာတွင် ကုသိုလ်ပါဝင်လှူဒါန်းကြသော ဆွမ်းကုသိုလ်ရှင်များ၊ မြေနဲကျေးရွာ ဦးအောင်ခို၊ ဦးထွန်းရွှေ၊ ဦးဘလွင်တို့ ဦးဆောင်သော ချက်ပြုတ်ရေးအမှုဆောင်များနှင့် ဝေယျာဝစ္စကူညီဆောင်ရွက်ကြသော အမှုဆောင်များအား အထူးဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း ပန်ကြားအပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးအဖွဲ့
မိုးညှင်းသမ္ဗုဒ္ဓေ၊ မုံရွာမြို့နယ်။

[illegible]

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

နိုင်ငံတကာအဆင့်မီ အလှကုန်ပစ္စည်းများအတွက် အရောင်းမြှင့်တင်ပေးရန် ငယ်ရွယ်လှပသွက်လက်သော အမျိုးသမီးဝန်ထမ်းများအလိုရှိပါသည်။

(၁)PG Promotion Girl

(၂)Sales Promotion Girl

အမှတ်စဉ်(၁)အတွက်

–တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
–အသက်(၂၅)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
–လုပ်ငန်းအတွေ့အကြုံရှိသူများအား ဦးစားပေးစဉ်းစားမည်။
–ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်သူဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက်

–အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
–အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။
–အရောင်းအဝယ်လုပ်ငန်း (အလှကုန်)အတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၂)ခုစလုံးအတွက်လုပ်ငန်းလိုအပ်ချက်အရလိုအပ်ပါက နယ်ခရီးဝေးထွက်နိုင်ရမည့်အပြင် အချိန်ပိုအလုပ်ဆင်းနိုင်သူဖြစ်ရမည်။

ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ Shangrila Leap Co.,Ltd. ခြံအမှတ်(၃)၊ အောင်မင်္ဂလာအိမ်ရာ၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ ယနေ့မှ(၁၄)ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
[တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်း–၂၀(၁)]
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၇

ဒေါ်သန်းသန်းဦး နှင့် ၁။ ဒေါ်မြကြည်
၂။ ဒေါ်စိန်ခင်
၃။ ဒေါ်တင်ကြည်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ ဦးရွှေဥမ်းလမ်း၊ အမှတ်(၄၆)နေ (ယခုလိပ်စာမသိ) ဒေါ်မြကြည်နှင့် ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ်(၃၈)နေ (ယခုလိပ်စာမသိ)နေ ဒေါ်စိန်ခင်၊ ဒေါ်တင်ကြည်တို့သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းဦးက ကတိစာချုပ်ပါအတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးရန် ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၇)ရက်(၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်)နေ့ နံနက်(၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်တင်မြ(တ/၁၅၇၅)
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ဖခင်အမည်မှန်

အထက(၁) မြောက်ဥက္ကလာပ နဝမတန်း(G)မှ မစန္ဒာမြင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ဖြစ်ပါသည်။

ဦးမောင်စိုး(ISN°-၄၃၅၆၈၁)။

အမည်ပြောင်း

လှည်းကူးမြို့၊ အထက(၁) အဋ္ဌမတန်း (B)တွင် ပညာသင်ကြားနေသော ဦးစံနိုင်၏ သမီးဖြစ်သူ မသဲစုဖြိုးအား ယနေ့မှစ၍ မမြသန္တာဟု ပြောင်းလဲခေါ်ပါရန်။ **မမြသန္တာ။**

ဖခင်အမည်မှန်

အထက(၂)၊ ကမာရွတ်၊ သတ္တမတန်း(က)မှ မောင်သူရိန်ထွန်းနှင့် နဝမတန်း(က)မှ မဇင်မာထွန်း၏ဖခင်အမည်မှန်မှာ ဦးချိုင်ပဲချင်းဖြစ်ပါကြောင်း။

အိမ်ရောင်းမည်

သိမ်ကြီးဈေး(A)ရုံအနီး၊ ကုန်ဈေးတန်းလမ်းကျယ်(လယ်)၊ မြေညီထပ်၊ (၁၂½'X၆၀')၊ ဖုန်းပါ၊ ရေ၊ မီးအစုံ၊ ထပ်ခိုးပါ။

ဆက်သွယ်ရန်-၂၅၁၈၁၅၊ ၇၂၇၉၈၇။

Diamond City

စိန်လက်ဝတ်ရတနာငှားရမ်းခြင်း

ဆိုင်အမှတ်(၇၀)၊ ဗဟိုရုံ၊ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၄၈၈၈၊ ၇၂၇၂၃၂။

အများသိစေရန်ကြေညာချက်

ကျွန်တော်၏ သားဖြစ်သူ မောင်အောင်မြင့် မှတ်ပုံတင်အမှတ် [၁၂/ဒလန(နိုင်)၀၃၀၃၉၀] ကိုင်ဆောင်သူသည် မိဘများအား အသိပေးခြင်းမပြုဘဲ ၎င်းသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်လျက်ရှိသည့် စီးပွားရေး၊ လူမှုရေးကိစ္စအရပ်ရပ်များအား ကျွန်တော်များ မိသားစုနှင့် ပတ်သက်ခြင်း လုံးဝမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်ဖြစ်သူ
ဦးလှမြင့်
[၁၂/ဒလန(နိုင်)၀၃၀၃၈၇]။

အများသိစေရန်

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဒေါ်ခင်ကြည် (CJ-၀၂၂၃၁၂)၊ အမှတ်(၇၃)၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၆C/ ပဥ္စမတန်းမြေအမျိုးအစား၊ မြေကွက်အမှတ်-၂၇၂၊ ၅၀'X၂၅' အကျယ်မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၇၃)၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်ဟု ခေါ်တွင်သည့် (၄)ထပ်တိုက်အဆောက်အအုံတို့ကို ဒေါ်ခင်ကြည်က တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည့်အပြင် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က (၂၅-၁-၂၀၀၂)ရက်စွဲပါ ဆောက်လုပ်ခွင့်ပြုမိန့် (၁၈-၁၁-၂၀၀၂)ရက်စွဲပါ အဆောက်အအုံပြီးစီးကြောင်း သက်သေခံလက်မှတ် ရရှိထားသူဖြစ်ပါသည်။

အထက်ဖော်ပြပါ (၄)ထပ်တိုက် အဆောက်အအုံရှိ တိုက်ခန်းများအား မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိပါ။ မြေနှင့် အဆောက်အအုံတို့၏ တရားဝင်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ခင်ကြည်၏ တရားဝင်သဘောတူ ခွင့်ပြုချက်မရှိဘဲ၊ တိုက်ခန်းများကို မည်သူကမှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်း၊ အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် ကန့်ကွက်တားမြစ်ပါကြောင်း၊ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ထွေး LL.B
ဦးမြသောင်း B.Sc., D.A., R.L

ဒေါ်ခင်ကြည်၏တရားရုံးချုပ်ရှေ့နေများ။

အများသိစေရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်မာချို [၁၂/ဥကတ(နိုင်)၀၅၀၈၉၄]၊ အမှတ်(၁၀၃၆)၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ နေသူ၏ ညွှန်ကြားချက်အရ သတိပေးတားမြစ်အပ်သည်မှာ-

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ အိမ်အမှတ်(၁၀၃၆)နေအိမ်မှာ ဒေါ်ခင်မာချိုနှင့် ၎င်း၏မောင်ဖြစ်သူ မောင်သိန်းဝင်း [၁၂/ဥကတ(နိုင်)၁၀၃၀၅၂]လက်ရှိ ပိုင်ဆိုင်နေထိုင်သော အိမ်ဖြစ်ပါသည်။ အိမ်အမှတ်(၅၈၉)၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ နေအိမ်မှာ မောင်သိန်းဝင်း[၁၂/ဥကတ(နိုင်)၁၀၃၀၅၂] လက်ရှိပိုင်ဆိုင်နေထိုင်သော အိမ်ဖြစ်ပါသည်။ ၎င်းအပြင် တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ဈေးရှိ ဆိုင်အမှတ်(၄၅)၊ (၄၆)၊ (၄၉)တို့သည် ကိုသန်းထွန်းနှင့်(မိခင်)ဒေါ်ညို၊ မခင်မာချိုတို့မှ လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး အရောင်းအဝယ်ပြုလုပ်နေသော ဆိုင်ခန်းများ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ အဆိုပါနေအိမ်များနှင့် ဆိုင်ခန်းများကို အခြားမည်သူတစ်ဦးတစ်ယောက်၏ အမည်ဖြင့် ပြောင်းလွှဲခြင်း၊ နေအိမ်၊ ဆိုင်ခန်းနှင့်တကွ အကျိုးခံစားခွင့်များကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းအပါအဝင် လွှဲပြောင်းမှု တစ်ရပ်ရပ်မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။

မလိုက်နာပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ဒေါ်ခင်မာချို၏ညွှန်ကြားချက်အရ-

ဦးသိမ်းမင်း
B.A(Law) LL.B, D.B.L
အထက်တန်းရှေ့နေ
လိုင်စင်အမှတ်(၂၁၉၄၁)
အမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၆၆၅၅၅၈။



ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ကျင်းလှိုဝန်၏ မှတ်ပုံတင်[၅/ကလထ(နိုင်)၁၀၉၂၁၂] နှင့် နိုင်ငံကူးလက်မှတ်-၄၂၂၀၂၆တို့သည် ၂၈-၁-၂၀၀၄ရက်နေ့တွင် ပန်းဆိုးတန်းလမ်း၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း-၂၄၂၆၇၆၊ ၂၄၂၅၄၃၊ ၇၂၂၁၁၈။**

(၂၅)တန်ကျ ဆန်စက်အမြန်ရောင်းမည်

ပဲခူးတိုင်း၊ အုတ်ဖိုမြို့၊ ဇေယျာအောင်ဆန်စက် (ဘွိုင်လာအင်ဂျင်သုံး) ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်-ဖုန်း-၆၁၀၅၁၇၊ ၀၅၃-၃၀၄၃၂၊ ၅၇၇၃၀၂။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ဇော(CDC 34465)၏ IMO 4 ticketလက်မှတ်နံပါတ်၂၆၉၂၈သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

ကျော်ဇော ဖုန်း-၂၅၆၆၄၀။

အမည်ပြောင်းခြင်း

ဦးကျော်ဝင်း၊ ဒေါ်တင်တင်အေးတို့၏ သား ကိုကျော်ကျော်အေး [၁၂/ဥကတ(နိုင်)၀၂၅၆၁၉]အား ကိုကျော်ဝင်းသူဟူ၍လည်းကောင်း၊ သမီး မသီဂီကျော် [၁၂/ဥကတ(နိုင်)၁၄၁၅၆၈]အား မဝင်းဝင်းသူဟူ၍လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ကိုကျော်ဝင်းသူ၊
မဝင်းဝင်းသူ။

အမည်ပြောင်းခြင်း

ဦးကျော်ဝင်း၊ ဒေါ်တင်တင်အေးတို့၏ သား ကိုအောင်မိုးကျော် [၁၂/ဥကတ(နိုင်)၀၂၃၅၈၈]အား ကိုအောင်ကျော်ကျော်ဟုလည်းကောင်း၊ ဦးလှမြင့်၊ ဒေါ်အုန်းကြည်တို့၏ သမီး မမြင့်မြင့်တိုး [၁၂/အစန(နိုင်)၁၆၅၀၂၆]အား မခင်ဆုရည်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ကိုအောင်ကျော်ကျော်၊
မခင်ဆုရည်။

အခန်းရောင်းမည်

ပန်းဆိုးတန်း လမ်းကျယ်၊ အခန်းကျယ် ၂၅' X၆၀' (၃)ထပ်၊ ထပ်ခိုးပြည့်၊ ရေ၊ မီး၊ ဖုန်းပါ။

ဖုန်း-၂၄၃၄၁၅။



သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သက်ထားရွှေစင်[၁၂/ဗဟန(နိုင်)၀၈၄၁၇၆]၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊ တိုက်အမှတ်(၃၉)၊ အခန်းအမှတ်(၃၀၂)၊ တတိယထပ်(ယာ)၊ မင်္ဂလာမြို့တော်အိမ်ရာ စီမံကိန်းတိုက်ခန်းသည် ကျွန်ုပ်အမှုသည်က ၎င်းပိုင်ငွေကြေးဖြင့် စာချုပ်စာတမ်းနှင့် တကွ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူဖြစ်ပါသည်။ မည်သူကမျှ ကျွန်ုပ်အမှုသည်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အဆိုပါ အခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ကျွန်ုပ်အမှုသည် ခတ်ထားသည့်သော့ကို ဖျက်ဆီးခြင်း၊ ကျွန်ုပ်အမှုသည် ဝင်ထွက်သွားလာခွင့်မရအောင် ပိတ်ပင်တားဆီးခြင်း စသည်တို့ကို ပြုလုပ်ပိုင်ခွင့် မရှိပါကြောင်းနှင့် ပြုလုပ်သူများအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးတားမြစ်လိုက်ပါသည်။

ဒေါ်သက်ထားရွှေစင်၏ညွှန်ကြားချက်အရ-

ရုံး-၄၆၊ ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၃၄၉၉။

ဦးမျိုးသန့် B.A(Law)LL.B
တရားရုံးချုပ်ရှေ့နေကြီး။

(၁)နှစ်ပြည့် သတိတရကုသိုလ်ပြု အမျှပေးဝေခြင်း

ရဟန်းအစ်မကြီး
ဒေါ်နန်းချိုချိုခမ်း(ခ)နန်းအေးဟောင်
ဒါရိုက်တာ၊ လျှပ်ထက်ခိုင်ကျောက်မျက်ကုမ္ပဏီ
အသက်(၅၄)နှစ်

မမျှော်လင့်ဘဲ မိသားစုနှင့်ခွဲခွာသွားခဲ့သည်မှာ ၆-၂-၂၀၀၄ရက်တွင် (၁)နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ မိသားစုမှ အမြဲမပြတ်ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ အမျှ-အမျှ-အမျှ ပေးဝေပါသည်။

ကျန်ရစ်သူ မိသားစု
လျှပ်ထက်ခိုင်ကျောက်မျက်ကုမ္ပဏီ။

ရောင်း/ကားနှင့်လဲမည်

အမှတ်-၈၊ လှည်းတန်း(၆)လမ်း၊ (ဈေးနီး)၊ ကမာရွတ်မြို့နယ် 25'x50' တစ်ထပ် အိမ်၊ ရေ၊ မီးစုံ၊ နှစ်(၆၀)ဂရန် ရောင်း/ Sloonဖြင့်လဲမည်။ AM-11:00-Pm-5:00)၊ နေရာကောင်း။

ကားရောင်းမည်

TICO DX (93M/၂က) လိုင်စင် ၉လပိုင်း၊ ဦးဝိစာရ ဆီဆိုင်။

ဖုန်း-၆၄၃၀၄၉။

ရောင်းမည်

လက်ရှိအသုံးပြုနေသော ခြင်နိုင်ဆေးခွေ ထုတ်လုပ်စက်တစ်စုံ ရောင်းရန်ရှိသည်။

(ညှိနှိုင်းဈေး) ဖုန်း-၇၀၀၉၅၀။

ရောင်းမည်/ ကားနှင့်လဲမည်

ဗိုလ်တထောင်ဘုရားလမ်းသွယ်၊ 16' x 60'၊ မြေညီ၊ ရေ၊ မီးစုံ ပြင်ဆင်ပြီး။

Ph: 099922207.



သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ - အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် - မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဦးစိုးသိမ်း + ၁	၁၂/သကန(နိုင်)၀၇၅၇၀၂	၆၉၈၊ သုမင်္ဂလာလမ်း၊ ၅ ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၅	၆၁၅(က)	ဦးထွန်းတင်	အမည်ပြောင်း
၂။	[illegible]	၁၂/ဥကမ(နိုင်)၀၃၁၁၉၀	၂၃၆၊ မြရတနာ(၅)လမ်း၊ (ခ)ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	ခ	၂၃၆	ဒေါ်သုစိန်	အမည်ပြောင်း
၃။	ဒေါ်စိန်ကြည်	၁၂/ဥကတ(နိုင်)၀၄၈၀၃၄	၆၅/၆E၊ ဝေဇယန္တာလမ်း၊ ၃ ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၄	၆၆၇	ဒေါ်ဝေ	အမည်ပြောင်း
၄။	[illegible]	၁၂/ရကန(နိုင်)၀၀၀၅၃၃	၁၁၈၊ [illegible]လမ်း၊ ၁၂ ရပ်ကွက်၊ ရန်ကင်း	တ/ဥက္ကလာပ	၁၁	၅၂၄	ဒေါ်မြင့်ရီ	အမည်ပြောင်း
၅။	မဝေဝေနှင်း	KMDE-၀၁၉၉၀၅	၆၇(က)၊ ၇ ရပ်ကွက်၊ ခရေပင်လမ်း၊ လှိုင်သာယာ	လှိုင်သာယာ	သကာတ-၂	၆၇-က	[illegible]	ဂရန်သစ်
၆။	ဦးခင်မောင်ဝင်း + ၁	MGN-၀၃၉၄၀၀	၁၀၉၇၊ ၆ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၆	၁၀၉၇	ဦးကျော်အုန်း	ဂရန်သစ်
၇။	[illegible]	၄/တတန(နိုင်) ၀၃၈၇၀၉	၅၃၁၊ ပြည်တော်စုလမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၆	၅၃၁	ဦးထွန်းကြည်	အမည်ပြောင်း
၈။	[illegible]	BTG-၂၁၇၅၁၅	၁၉၄၈/က၊ ကျွန်းစိမ်းသာလမ်း၊ ၇၁ ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံတောင်	၇၁	၁၉၄၈/က	ဦးလှမြင့်	ဂရန်သစ်
၉။	[illegible]	ZLN-၀၃၉၆၀၇	၃၀၇၊ [illegible]လမ်း၊ [illegible]	ဒဂုံတောင်	၆၄	၅၉၈	ဦးတာသိန်း	ဂရန်သစ်
၁၀။	ဒေါ်သက်သက်မာ	၁၀/ခဆန(နိုင်)၀၁၀၆၀၅	၁၈၁၊ ဦးဝိစာရလမ်း၊ ၄၂ တိုးချဲ့၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၂ တိုးချဲ့	၁၈၁	ဒေါ်စိန်ရင်	အမည်ပြောင်း
၁၁။	ဒေါ်တင်စိန်	၁၂/ဥကမ(နိုင်)၀၃၀၂၂၂	ဈ ၈၄၁ ၃/၊ ဓမ္မသီလမ်း၊ မြောက်ဥက္ကလာပ	မ/ဥက္ကလာပ	ဈ	၈၄၁ ၃/	[illegible]	မြေပုံကူး
၁၂။	[illegible]	TKA-၀၂၇၂၄၂	၈၀၃၊ UE-1 ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	UE-1	၈၀၃	ဦးထွန်းမောင်	ဂရန်သစ်
၁၃။	[illegible]	၁၂/စခန(နိုင်)၀၂၀၈၂၀	(၃၁)၊ မဟာမြိုင်လမ်း	စမ်းချောင်း	၂၈E	၉၂အေ/၁အေ-၁	ဒေါ်သန်းသန်း + ၄	အမည်ပြောင်း
၁၄။	[illegible]	၇/ဒဥန(နိုင်)၀၁၁၆၇၀	၃၁၊ မဟာမြိုင်လမ်း	စမ်းချောင်း	၂၈E	၉၂အေ/၁အေ-၂	ဒေါ်သန်းသန်း + ၄	အမည်ပြောင်း
၁၅။	[illegible]	၁၂/စခန(နိုင်)၀၀၅၂၆၈	၅၊ ကြံခင်းလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၈ C	၁၅၄	ဒေါ်ခင်ညွန့်	အမည်ပြောင်း
၁၆။	[illegible]	၁၂/ဗဟန(နိုင်)၀၈၂၅၄၀	၂၁၂၊ ဦးဝိစာရလမ်း၊ ဗဟန်း	ဗဟန်း	၅၀	၂ အေ	[illegible]	အမည်ပြောင်း
၁၇။	[illegible] + ၁	၁၀/ပမန(နိုင်)၀၉၂၇၂၈	၂၇ င၊ အောင်ဇေယျလမ်း၊ ဗဟန်း	ဗဟန်း	၃၆I	၆၉B/ ၆-၁အေ	[illegible]	အမည်ပြောင်း
၁၈။	[illegible] + ၂	၆/ထဝန(နိုင်) ၀၂၉၅၄၅	၅၅၊ ယောမင်းကြီးလမ်း၊ ဒဂုံ	ဒဂုံ	၁၉-ဘီ	၄၇အီး/၄အေ	ဒေါ်မယ်ကြေ	အမည်ပြောင်း
၁၉။	[illegible] + ၄	၆/ထဝန(နိုင်) ၀၃၆၂၉၅	၅၅၊ ယောမင်းကြီးလမ်း၊ ဒဂုံ	ဒဂုံ	၁၉-ဘီ	၄၇အီး/၄ဘီ	ဒေါ်မယ်ကြေ	အမည်ပြောင်း
၂၀။	[illegible]	၁၂/ဥကမ(နိုင်)၀၈၀၁၉၂	၁၀၃၃၊ [illegible]လမ်း၊ ည ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	ည	၁၀၃၃	ဒေါ်ခင်သန်း	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ကျောင်း၊ရဟန်းဒါယကာ

ဦးကိုကြီး(ခ)ဦးကိုလေး

အသက်(၇၉)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံ၊ ကျောက်ပျောက်တန်းရပ်၊ (၈၆)ရွှေတချောင်းလမ်းနေ (ဦးလှ-ဒေါ်အေးစိန်)၏သား၊ ဒေါ်မြညွန့်၏ ခင်ပွန်း၊ ဒေါ်ခင်မာကြည်၊ ဗိုလ်မှူးချုပ်ခင်အောင်(ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ကြည်သင်းမေ၊ ဒေါက်တာဝင်းအောင်(ဒုတိယညွှန်ကြားရေးမှူး၊ အထက်မြန်မာပြည်ဓာတုဗေဒဝန်ရုံး)-ဒေါ်နုနုလွင်၊ ဦးလှဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မာသီတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးကိုကြီး(ခ)ဦးကိုလေးသည် ၅-၂-၂၀၀၄ရက် မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်းနေဒေါ်သန်းသန်းနု(ကုန်းလမ်းပို့ဆောင်ရေး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးစန်းအောင်၊ (မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း၊အထွေထွေမန်နေဂျာ၊ ငြိမ်း)သည် ၃၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းမိပါသည်။

(ဆရာဦးစန်းအောင်ကောင်းရာသုဂတိသို့ရောက်ပါစေ။)

ဝါသုတေသနဝန်ထမ်းများ၊မိတ္ထီလာမြို့။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mr. Kenneth Lutter
(ခ)ဦးလှမြင့်
အသက်(၆၈)နှစ်

စက်မှု-၁၊ငြိမ်း

အမှတ်(၇၃)၊အခန်း(၆)၊ ၄၃လမ်းနေ ဦးဝီလီ-ဒေါ်ဗစ်တိုရီးယား(ခ) ဒေါ်လှစိန်တို့၏သားကြီး၊ ဒေါ်လှလှ၊ ဒေါ်ကော်လင်း-ဦးမောင်မောင်တို့၏ အစ်ကိုကြီး၊ (ဒေါ်သင်းကြိုင်)၏ခင်ပွန်း၊ ဒေါ်ဘေဘီခင်မျိုးနွယ်(အမက-၄၊ဗိုလ်တထောင်) ဦးကျော်ဝင်းစိုး၊ ဦး Charles Lutter-Victoria Lutter၊ ဒေါ်သန္တာမြင့်-ဦးမြတ်ထွန်း၊ ကိုတိုးတိုးအောင်(ခ) စီးမာတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၅-၂-၂၀၀၄ရက် ညနေ ၄း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၇-၂-၂၀၀၄ရက်တွင်ဝတ်ပြုကိုးကွယ်ပြီး ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

မကေခိုင်ဦး
အသက်(၃၁)နှစ်

(A.G.T.I လမ်းဦးစီး၊ ဆောက်လုပ်ရေးရုံးချုပ်)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်(၁၈၆)၊ ဟံသာရိပ်မွန်အိမ်ရာနေ ဦးမောင်လှ (Hla Thit Sar, Radio, TV, Video Training Centre)- ဒေါ်တင်ရွှေတို့၏သမီး၊ မဌေးဌေးလှိုင်၊ မောင်နိုင်ဝင်း-မစိုးစိုးလှိုင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၉)၊ အောင်ဇေယျ(၂)လမ်းနေ ဦးတင်အောင်-ဒေါ်ယဉ်ယဉ်တို့၏ သမီးချွေးမ၊ (မောင်ကျော်စန်းဝင်း)၏ ဇနီးသည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) ညနေ ၃း၁၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ISAAC

ရဲထွင့်သန်း
အသက်(၃၁)နှစ်

(B.A, Geo;)

(ခရစ်တော်ဘွဲ့ခံ၊ ကသီဒြယ်ဘုရားကျောင်း၊မန္တလေး)

ရွှေဘိုမြို့နေ (ဦးဒယ်နီယယ်)-ဒေါ်ထွန်းရှိတို့၏ မြေး၊ မန္တလေးမြို့နေ ဦးဂျေမြသန်း (မန္တလေးသာသနာပိုင်)-ဒေါ်တင်တင်အေးတို့၏ သားကြီး၊ ရွှေဘိုမြို့နေဒေါ်အုန်းကြည်၊ ဒေါ်တင်တင်ထွေးတို့၏တူ၊မောင်စိုးစိုး၊ ခင်နှင်းအေးတို့၏ အစ်ကိုသည် ၅-၂-၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃း၅၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၂-၂၀၀၄ရက် ညနေ၃နာရီတွင် ခရစ်တော်ဘွဲ့ခံ ကသီဒြယ်ဘုရားရှိခိုးကျောင်းမှ ကြာနီကန်ခရစ်ယာန် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

ဒေါ်လှသန်း(၇၈)နှစ်

လူထုပညာရေးမှူး၊ အငြိမ်းစားပတ် (ကွမ်းခြံကုန်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံတန်းလမ်း၊ အမှတ်(၁၃)နေ (ဦးရန်မြ-ဒေါ်တင်တင်နု)တို့၏ သမီး၊ ဦးဝန်-ဒေါ်ကြည်ကြည်၊ (ဦးထွန်းကြည်-ဒေါ်အေးမြင့်)၊ (ဦးအုန်းဖေ)-ဒေါ်ယဉ်နုတို့၏ တူမ၊ (ဦးသင်-ဒေါ်အေးမြင့်)တို့၏ ညီမ၊ (ဦးဘညိမ်း)-ဒေါ်ခင်စန်း၏ အစ်မကြီး၊ ဦးထွန်းရှိန်၏ဇနီး၊ မခိုင်နွယ်ထွန်း၏ မွေးသမိခင် ဒေါ်လှသန်း(ခ) ဒေါ်သန်းသန်းသည် ၃-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအလျောက်ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ကုလားမေ(၇၄)နှစ်

အင်္ဂပူမြို့နယ်၊ ချောက်ရွာကျေးရွာနေ (ဦးဖိုးထွေး-ဒေါ်မယ်သွဲ့)တို့၏ သမီး၊ ဒေါ်ပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၂၅၆)နေ ဦးချစ်သိန်း၏ ဇနီး၊ ဦးစိန်မြင့်-ဒေါ်သန်းဆွေ၊ ဦးသန်းစိုး-ဒေါ်တင်တင်လှိုင်၊ ဒေါ်ဝင်းမြင့်၊ ဦးဇော်မင်း-ဒေါ်ခင်သန်းဝင်း၊ ဦးဝင်းမြင့်ဦး-ဒေါ်နီနီမြင့်၊မခိုင်တို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၆း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၂-၂၀၀၄ (သောကြာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ ဒါယကာကြီး

ဦးအုန်းရွှေ(၆၅)နှစ်

ဌာနခွဲမှူး (ငြိမ်း)

အင်ဂျင်နီယာဌာန (ရေ/သန့်) ရန်ကုန်မြို့တော်စည်ပင် (ဦးဂျွန်-ဒေါ်စိန်မျှင်)တို့၏ သား၊ ရန်ကုန်မြို့ အမှတ်(၃၈/၄၀)၊ သိင်္ဂီလမ်း၊ (၂၄) ရပ်ကွက်၊တောင်ဒဂုံမြို့နယ်နေ ဒေါ်စောယုမေ၏ ကျေးဇူးရှင်ခင်ပွန်း၊ မဇူပိုင်ဦး၏ ကျေးဇူးရှင်ဖခင် ဦးအုန်းရွှေသည် ၅-၂-၂၀၀၄ရက် နံနက် ၄နာရီတွင် ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄(စနေနေ့) နံနက် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

ISAAC

ရဲထွင့်သန်း (၃၁)နှစ်

(B.A-Geo;)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရှင်မိကွေ့လကျောင်းဝင်း (ဦးနိုကေလစံမြင့်-မာသဒေါ်ဥ)တို့၏ မြေး၊ (ပိုလီကပ်ဦးစောလွင်) - ဒေါ်ခင်စန်း၊ (ဒေါ်သန်းရှင်-ဦးဝင်းမြင့်)၊ ဦးဒီစောလှိုင်-(ဒေါ်စိန်မေ)၊ (ဒေါ်စန်းခင်)၊ ဦးကျော်မြင့်၊(ဦးငြိမ်းမောင်-ဒေါ်မာဂရက်)၊ ဦးခင်မောင်လှ-မနွယ်၊ (ဒေါ်မေရီမတ်ခ်)-ဦးစောဝေလျံ၊ ဒေါ်ဆယ်ရာမတ်(ခ်)-ဦးတင်ဝင်း၊ဒေါ်ဝင်နီတို့၏ တူ၊ မန္တလေးမြို့နေ ဦးဂျေမြသန်း (မန္တလေးသာသနာပိုင်) ဒေါ်တင်တင်အေးတို့၏ သား၊ ဒေါ်တင်တင်မြင့်-ဦးဆန်နီ၊ ကိုမြင့်ဆွေတို့၏ ညီ/မောင်သည် မန္တလေးမြို့၌ ၅-၂-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၂-၂၀၀၄ရက် ညနေ ၃ နာရီတွင် ကြာနီကန် ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်ကြည်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၆)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၁၀၇)နေ (ဦးဖိုးအုံ-ဒေါ်သင်းမှုံ)တို့၏ သမီး၊ (ဦးဖိုးတော-ဒေါ်ရွှေခင်)တို့၏ ချွေးမ၊ ဦးထွန်း၏ဇနီး၊ ဦးကံညွန့်-ဒေါ်မြရွှေ၊ ဦးစံသိန်း-ဒေါ်ထွေးညွန့်၊ ဒေါ်ရင်အေး၊ ဒေါ်မြင့်သိန်း၊ ဦးကံမြင့်-ဒေါ်စန်းမြင့်၊ ဦးအုန်းထွန်း-ဒေါ်လှသန်း၊ ဦးသောင်းဝင်း-ဒေါ်ဥမ္မာ၊ဒေါ်ခင်မာဝင်း၊ ဦးသိန်းဇော် (လက်ထောက်အုပ်ချုပ်ရေးမှူး၊ သာကေတစည်ပင်)-ဒေါ်ဥမ္မာဟန်၊ ဦးအောင်ထွေး-ဒေါ်မြင့်မြင့်မော်၊ မခိုင်ခိုင်ဦးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၃၂ယောက်၊ မြစ်၂၅ယောက်တို့၏ အဘွားသည် ၅-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ၁နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဆွေဆွေဝင်း(၃၆)နှစ်

B.A. (History)

ဒု-လဝကကြီးကြပ်ရေးမှူး(ဖျာပုံ)

ပုသိမ်မြို့နေ ဦးသန်းလှ-ဒေါ်ကြည်လေးတို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမျိုးလွင်)-ဒေါ်ညွန့်ညွန့်သိုက်တို့၏ချွေးမ၊ ဦးထင်လင်း-ဒေါ်မီမီသန်း၊ဦးဝင်းအောင်တို့၏ ညီမ၊ ဗိုလ်ကြီးကိုကိုဆက်၏ ချစ်လှစွာသောဇနီးသည် ၅-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ဆာကူရာအထူးကုဆေးခန်းတွင်ကွယ်လွန်ပါ၍ ယင်းနေ့ ညနေ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ဖျာပုံမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုအောင်ဗညား
အသက်(၃၃)နှစ်

အထက(၂)လမ်းမတော်

ကျောင်းသားဟောင်း

(မော်တင်လမ်း)

ရန်ကုန်မြို့နေ(ဦးလှအောင်-ဒေါ်အေးကြည်)၊(ဦးကျော်-ဒေါ်ကြည်)တို့၏မြေး၊ အမှတ်(၃၃)၊လမ်းသစ်လမ်း (မော်တင်) လမ်းမတော်နေ(ဒေါက်တာဦးအောင်ခင်)-ဒေါ်ရင်ရင်တို့၏ စတုတ္ထသား၊ ကော့သောင်းမြို့နေ ဦးချစ်သောင်း-ဒေါ်သန်းဌေး(တိုက်ဂါး အထည်ဆိုင်)တို့၏ သားသမက်၊ ကိုအောင်သူရ၊ မဥမ္မာသန်း၊ (ကိုအောင်နန္ဒ)၊ ကိုအောင်ဇေယျတို့၏ ညီ၊ ကိုအောင်သီဟ-နော်ရီလာ၏ အစ်ကို၊ မိုးဝသသန်စိုး၊ ရဲထက်အောင်၊ညီညီဖြိုး၊ယွန်းသဲနဒီတို့၏ ဖခင်၊ မစန္ဒာ(ကော့သောင်း)၏ ခင်ပွန်းသည် ၂၄-၁-၂၀၀၄ရက်တွင် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာနေအိမ်တွင် ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၀၄ရက်တွင် လှည်းကူးမြို့ ကျွန်းကြီးသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်ဉာဏ်သိမ်း(ခ)မောင်တက်တို
အသက်(၁၄)နှစ်

အလက-၁၊လသာ

(မော်လမြိုင်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၂၂)နေ ဦးရွှေလေး(ခ) ဦးကျွဲလိုင်း-ဒေါ်ထိုး]နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ်(၁၁၅)နေ ဦးခွေးယား(ခ)ဦးကျင်ချုံး-ဒေါ်ပုမတို့၏ မြေး၊ ဦးမျိုးညွန့်(ခ) လစ်တိတ်-ဒေါ်ရီရီမြင့်၊ ဦးထွန်းမောင်-ဒေါ်မြကြည်၊ ဦးရင်ဟိုး-ဒေါ်ကြည်ကြည်လေး၊ ဦးလှအေး-ဒေါ်ကျင်သီ၊ ဒေါက်တာညွန့်ညွန့်လေး၊ ဒေါ်ခင်ခင်လေး၊ ဦးလှကျော်-ဒေါ်စန်းစန်းအောင်၊ ဦးတင်အောင်-ဒေါ်သန်းမြင့်၊ ဦးလှဝင်းတို့၏ တူ၊ မောင်ဉာဏ်လင်းထွန်း(ခ) ရွှေတိုး(ပထမနှစ်၊ ဆေး-၁)၏ ညီ၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၂၂)နေ ဦးမောင်မောင်တိုး-ဒေါ်လှမြင့်တို့၏ ချစ်လှစွာသောသားငယ်သည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်ခင်ပု အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ်(၅၆)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ၊ (ဦးမင်းမောင်-ဒေါ်သိန်း)တို့၏ သမီးထွေး၊ (ဦးခေါင်-ဒေါ်မျှင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ကြီး၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းခေါင်(ရေ၊ငြိမ်း)-ဒေါ်ဆွေရီသိမ်း၊ ဒေါက်တာသန်းထွဋ်-ဒေါက်တာခင်အေးအေးတို့၏ ချစ်လှစွာသောမိခင်၊ မအေးအေးခိုင်နှင့် မောင်ဇော်ဝင်းခေါင်တို့၏ ချစ်လှစွာသောအဘွားသည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ၎င်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး

ဦးတင်ထွန်း(၇၉)နှစ်

အကောက်ခွန်ရာဖြတ်/အရာရှိ(ငြိမ်း)

အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း

(ကြို့ပင်ကောက်)

ကြို့ပင်ကောက်မြို့နေ (ဦးကြင်-ဒေါ်ငွေသင်)တို့၏ သားကြီး၊ ဒေါ်စိန်တင်၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အေး၊ (ဦးမျိုးကြွယ်)၊ ဒေါ်မြင့်မြင့်ရီ-(ဦးကျော်လွင်)၊ (ဒေါ်စန်းစန်းနွယ်)၊ ဦးခင်မောင်ဇော်၊ ဦးသန်းဇော်-ဒေါ်မြမြဝင်း၊ ဒေါ်ဌေးဌေးဝင်း-ဦးမြင့်သန်းဦး၊ ဒေါ်ဆွေဆွေလဲ့-ဦးမိုးကျော်၊ဒေါ်ဝင်းဝင်းမော်-ဦးကျော်စိုးမိုးတို့၏ ဖခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏အဘိုးဦးတင်ထွန်းသည် ၅-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄ (စနေနေ့)ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်၃၇၊ ၈လမ်း၊ ပုသိမ်ညွန့် ရပ်ကွက်နေအိမ်မှ ကားများမွန်းလွဲ၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့်(ခ)ဘခွေး (၇၂)နှစ်

ရွှေမိုက်ဆရာကြီး

ဝက်လက်မြို့၊ သခွတ္တောရွာနေ (ဦးဘတုတ်-ဒေါ်စောချစ်)တို့၏သား၊ (၂၃/A) ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်နေ (ဒေါ်အုန်းနု)၏ခင်ပွန်း၊ ဒေါ်ပု၊ ဦးကြည်လင်းတို့၏ အစ်ကို၊ မမြင့်မြင့်စန်း၊ မောင်သိန်းဝင်း (ရွှေမိုက်ဆရာ)၊ ကိုခင်မောင်ဝင်း-မချိုပြုံး၊မောင်မျိုးမင်း-မစန္ဒာ၊ မမူမူမြင့်၊ မကြူကြူမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၆-၂-၂၀၀၄(သောကြာနေ့) နံနက်၁၁နာရီတွင် အနောက်ပိုင်းဆေးရုံကြီးမှထိန်ပင်သုသာန်သို့ မွန်းလွဲ ၁နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်သန်းယု(ခ)ဒေါ်စန်း(၇၁)နှစ်

မုဒုံအသင်းဝင် (တော်ကူးတံခွန်တိုင်)

မုဒုံမြို့နယ်၊တော်ကူးတံခွန်တိုင်ကျေးရွာနေ (ဦးဘသော်-ဒေါ်အုံးတင်)တို့၏ သမီးကြီး၊ မုပွန်မြို့နယ်၊ ကျောက်တန်းကျေးရွာနေ (ဦးယဉ်ဖေ)၏ဇနီး၊ (ဦးစိုးမြင့်-ဒေါ်မြသီ)၊ (ဦးဂျော့ဖေ)-ဒေါ်အေးသန့်(မိဘမေတ္တာစတိုး)တို့၏ အစ်မကြီး၊ ဦးကျော်အုံး-ဒေါ်သန်းသန်းဦး (မိဘမေတ္တာစတိုး)၊ ဦးမင်းရွှေ-ဒေါ်သင်းသင်းအေး၊ ဦးစိုးအောင်-ဒေါ်သီသီဦးတို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၄-၂-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းရွှေ(၆၆)နှစ်

B.A, B.Ed.

အလပြ-(ငြိမ်း)

အလက(၄)သာကေတ ပြန်တန်ဆာမြို့

ရန်ကုန်မြို့၊ သာကေတမြို့နယ် အမှတ်(၁၉)၊ မြင်တော်သာလမ်းနေ ဦးသောင်းမြင့် (သိန်းကမ္ဘာပရိဘောဂ)၏ဇနီး၊ ကိုဟန်မင်းဦး(အောင်နည်းပြ)-မသက်ထားဆွေတို့၏ မိခင်၊ မယဉ်မင်းထက်(အမက-၅၊သာကေတ)၊ မကြည်ဖြူစင်တို့၏ အဘွားသည် ၅-၂-၂၀၀၄ ရက်နံနက်၁း၃၀နာရီတွင် နားနှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၂-၂၀၀၄(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန်(၈၅)နှစ်

(ကညွတ်ကွင်း)

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နှင့် ရန်ကုန်မြို့၊ လမ်း(၅၀)၊ အမှတ်(၁၁၁)နေ (ဦးချမ်းသာ-ဒေါ်ရင်)တို့၏ သားကြီး၊ ဒေါ်သန်း၏ မောင်၊ (ဦးခင်မောင်၊ အဖွဲ့ဝင်၊ကုန်သွယ်ရေး-၅) - (ဒေါ်ရှုကြည်)၊ (ဦးခင်ဇော်)-ဒေါ်လှညွန့်၊ ဦးစိန်အောင် (ငွေစာရင်းမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်စန်းကြည်(အထပြ၊ ငြိမ်း)၊ (ဦးသောင်းစိန်)-ဒေါ်မြင့်မြင့်၊ဦးထွန်းဦး -ဒေါ်အုံးကြည်၊ ဦးကြည်ဝင်း-ဒေါ်အုန်းရီ၊ ဦးအောင်မြင့် (ဌာနမန်နေဂျာ ရန်ကုန်တိုင်း၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်မြမြဝေ (မန်နေဂျာ မြန်မာ့ကုန်တိုက်၊ငြိမ်း)၊ဒေါက်တာစိုးလွင်-ဒေါ်နီနီ၊ ဒေါ်ခင်အေးတို့၏ အစ်ကိုကြီး၊ ဦးကျော်ဇေယျ - ဒေါက်တာလှစိန်ဝေ၊ ဦးရန်နိုင်ထွန်း-ဒေါ်ခင်ဝင်းမာ၊ ဦးထွန်းလှအောင်-ဒေါ်ခင်မာလာ၊ ဦးညီညီလွင်-ဒေါ်ညိုညိုခင်နှင့် တူ၊ တူမ ၂၁ယောက်တို့၏ ဘဘကြီး၊ မြေး ၁၈ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

လီဝိုပါ(ခ)ဦးစိုးညွန့်
အသက်(၆၇)နှစ်

စိန့်ပေါလ်ကျောင်းသားဟောင်း သိမ်ကြီးဈေး A-ရုံ (၂၇၀/၂၇၁)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ်(၂၇)၊ အခန်း(၄၄)နေ (ဦးမောင်ကျန်-ဒေါ်စိန်တုတ်)တို့၏သား၊ ဒေါ်ရီ(E-3၊ ဆောင်ပင်လေးပလာဇာ)၏ ခင်ပွန်း၊ မောင်မင်းမင်းဦး၊ မစုစုရီ-ကိုသန်းအောင်၊ မသင်းသင်းရီတို့၏ ဖခင်၊မောင်ဘိုဘိုလေး၊မမထက်ထက်ခိုင်တို့၏ အဘိုးသည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ည ၁၁း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊တန်ဆောင်းဒါယကာကြီး

ဦးစိုးမြင့်
အသက်(၅၁)နှစ်

ဓာတ်ဆီဆိုင်အမှတ်(၀၂၂၈)

ရန်ကုန်တိုင်း၊ ဒေါပုံမြို့သစ်နေ ဦးလှအောင်-(ဒေါ်သောင်းကြည်)တို့၏ သား၊ အမှတ်(၂၃)၊ (ရှစ်လွှာ-A)၊ ကျားကွက်သစ်လမ်း၊ကျောက်မြောင်း၊တာမွေနေ ဒေါ်အေးအေးပို(ခ) စိန်မိုက်ကယ်ပေါလီအုန်း (ဗေဒင်ဆရာမ)၏ ခင်ပွန်း၊ မဟန်သီစိုးဝေ(ဒုသမတန်း၊ အထက-၂၊ ဒဂုံမြို့မကျောင်း)၏ မွေးသဖခင်သည် ၄-၂-၂၀၀၄ရက် ညနေ၄း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန် သွားပါ၍ ၆-၂-၂၀၀၄ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်လှဝင်း(ခ) လျှိုဝေခိုင် (၃၁)နှစ်

(CDC.34413) Second Mate

(လားရှိုး)

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ ကြာဖြူလမ်း၊ အမှတ်(၁၅၄)နေ (ဦးလျှိုမူဝါ-ဒေါ်အီ)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၂)နေ ကိုဝင်းဖေ၊ မမေကွန်-ကိုစောနိုင်၊ မမေဟန် (ဟိန်းမြန်မာ Co., Ltd)၊ ကိုဝင်းအောင်-မဝင်းဝင်းမော်၊ ကိုကျော်ဆွေဝင်းတို့၏ ညီ/မောင်၊ တူမ လေးယောက်တို့၏ ဦးလေးသည် ၄-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာနေအိမ်၌ ကွယ်လွန်ပါ၍ ၆-၂-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြရင်(၈၆)နှစ်

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီ၏ မိခင်သည် ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၆-၂-၂၀၀၄ (သောကြာနေ့)နံနက် ၁၁နာရီတွင် မြစ်ငယ်မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသိန်းလှိုင်(အငြိမ်းစား)

O.T.S (34)

အသက်(၇၂)နှစ်

(ဟသ်ာတ၊အိုင်သပြု)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၉)၊ မယ်ဇလီပင်လမ်းနေ (ဦးတက်စိန်-ဒေါ်သိန်းညွန့်)တို့၏ သားကြီး၊ (ဦးကျင်ကွန်း-ဒေါ်စန်းမြင့်)၊ [ဦးသိန်းဖု(ခ)ဦးပါ]၊ ဦးစိုးဆိုင်-ဒေါ်ထွေးရီ၊ ဒေါ်ခင်မျိုးမြင့်တို့၏ အစ်ကိုကြီး၊ ကိုစည်သူလှိုင်-မမြင့်မြင့်ဆွေ၊ မမြတ်စန္ဒာလှိုင်၊ မကေသီလှိုင်၊ မမြတ်မွန်လှိုင်၊ မောင်သူရိန်လှိုင်တို့၏ ဘိုးဘိုးကြီးသည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၀၄(စနေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြနွယ်(ခ)ဒေါ်သန်းညွန့်
အသက်(၆၅)နှစ်

မူပြ(ငြိမ်း)

နမ့်စန်(ရှမ်း/တောင်)

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့၊ (၂)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၂/၉-က)နေ (ဦးတင်ဖေ-ဒေါ်နန်းအောင်မီး)တို့၏ သမီး၊ (ဦးလှကျော်)၊ (ဦးလှသောင်း)-ဒေါ်ယဉ်ကြည်၊ (ဦးအုန်းခိုင်)-ဒေါ်စိန်ကြည်၊ (ဦးတင်လွန်း)တို့၏ ညီမ၊ နန်းနန္ဒာနွယ် (ထွေ/အုပ်၊ နမ့်စန်)၊ စိုင်းသီဟန်(အထက၊ နမ့်စန်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ တူ၊ တူမ ၁၄ ယောက်တို့၏ အဒေါ်သည် ၂၈-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ကျန်ရစ်သူမိသားစု။

ဒေါ်သန်းနွဲ့ အသက်(၆၀)

(မြောက်ဥက္ကလာ)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ င/ရပ်ကွက်၊ နွယ်နီ(၁၀)လမ်း၊ အမှတ်(၅၆၃)နေ [ဦးမောင်မူ-ဒေါ်ကလယ်(ခ)ဒေါ်အုန်းရင်]တို့၏သမီး၊ ဦးသောင်းညွန့်(ရွှေမြေသဲဒိုင်)၏ ဇနီး၊ ကိုဝင်းနိုင်-မဇင်မာသိန်း၊ ဦးဝင်းဗိုလ်-မသီတာအေးတို့၏ မိခင်၊ ဝေယံမင်းမင်း၊ ဝေယံလင်းလင်းတို့၏ ချစ်လှစွာသော အဘွားသည်၅-၂-၂၀၀၄(ကြာသပတေးနေ့) နံနက် ၂း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတိုးမြင့်(ခ)ဦးတိုနီမြင့်
အသက်(၅၇)နှစ်

ဥက္ကဋ္ဌ (RAM. Co.,)

ရန်ကုန်မြို့၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၃၂)၊ အခန်း(၂၄)နေ ဦးသိန်းမြင့်-ဒေါ်စန်းတင့်တို့၏ သားသမက်၊ (ဦးထွန်းမြင့်-ဒေါ်ရီရီ)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၅၂)(ပထမထပ်)၊ကျားကွက်သစ်လမ်းနေ ဒေါ်မွန်မွန်မြင့် (Mon Mon Beauty Saloon)၏ ချစ်လှစွာသော ခင်ပွန်း၊ တကကအောင်ကိုကိုမြတ်-ဒေါ်နွဲ့ယဉ်ယဉ်မြင့်၊ ဒေါ်အီဇင်ဇင်မြင့် [အီ(မ်)EVE]၊ မသင်းဖြူဖြူမြင့်၊ မောင်ဇေယျာမင်းသိကျ်၊ မောင်အောင်ဇော်မင်းသိကျ်တို့၏ ခဲအို/ယောက်ဖ ဦးတိုးမြင့်သည် ၄-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင်ကွယ်လွန်သွားပါ၍ ရန်ကုန်မြို့၊ အမှတ်(၅၂)(ပထမထပ်)၊ကျားကွက်သစ်လမ်းမှ ၆-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဦးအဂ္ဂ(ခ)ဦးကျော်ခင်

သိက္ခာတော်(၂၄)ဝါ

သက်တော်(၉၄)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၁၈)လမ်း၊ အမှတ်(၄၄)နေ (ဦးဘိုးတင်-ဒေါ်တင်)တို့၏ သား၊ဒေါ်ကျင်မြ၊ ဦးကျော်ဝင်း-ဒေါ်အေး၊ ဦးသန်းအောင် - ဒေါ်ကျင်လှ(ခ) ဒေါ်ကုလားမ၊ ဦးသိန်းအောင်-ဒေါ်မြင့်မြင့်အေးတို့၏ မွေးသဖခင်၊ မြေး၁၇ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၄-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၆-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဟန်ကြူ (၈၆)နှစ်

(မော်လမြိုင်)

တောင်ငူမြို့၊ ကေတုမတီမြို့သစ်နေ (ဦးရောင်ဉာဏ်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးသာဟ-ဒေါ်လှိုင်)တို့၏ သမက်၊ (ဒေါ်တင်လှ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြည်-ဒေါ်စိုးစိုးအေး၊ (ဦးလှရွှေ)-ဒေါ်မြမြ၊ဦးကိုလေး-ဒေါ်လှလှ၊ (ဦးဇော်ဝင်း)-ဒေါ်ခင်အုန်းမြင့်၊ ဗိုလ်မှူးကြီးတင်မောင်ဝင်း(တိုင်းဦးစီးဗိုလ်မှူးကြီး)-ဒေါ်သန်းသန်းနွဲ့၊ ဦးဌေးဝင်း-ဒေါ်မြဝေ၊ ဦးဌေးလွင်-ဒေါ်မေမေသန့်၊ ဦးခင်မောင်ဝင်း-ဒေါ်သီတာ၊ မစန္ဒာတို့၏ ဖခင်၊ မြေး၂၅ယောက်တို့၏အဘိုးသည် ၅-၂-၂၀၀၄(ကြာသပတေးနေ့) နံနက်၆း၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၇-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် တောင်ငူမြို့၊သဲဖြူသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းရှိန် (၇၇)နှစ်

ဓာတ်ကန်ထရိုက်တာ (ကျိုက်လတ်)

ကျိုက်လတ်မြို့နေ (ဦးပြန့်-ဒေါ်ပါး)တို့၏ သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ်(၇၃)နေ (ဦးဟုတ်ရုံ)-ဒေါ်သန်းတို့၏ညီ/မောင်၊ ဦးမြင့်ကြည်-ဒေါ်တင်တင်မူတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် (၃၆)၊ ပထပ်နေ ဒေါ်ခင်မာရီ၏ ခင်ပွန်း၊ မလဲ့လဲ့ဦး-ကိုကြီးမြတ်၊ ကိုသိန်းထွဋ်ဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ရဲလင်းအောင်(KG.E၊အလက-၁၊ ဒဂုံ)၊ မဆုလဲ့ယဉ်ဝင်းတို့၏ အဘိုးသည် ၄-၂-၂၀၀၄ရက် မွန်းလွဲ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၂-၂၀၀၄ (သောကြာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးအေကယွန်း
အသက်(၇၄)နှစ်

(Admin Manager)

APT, Travel Service Co., Ltd.

ရန်ကုန်မြို့၊ အမှတ်(၁၈၃)၊ ၃၁လမ်း၊ ပန်းဘဲတန်းနေ (ဦးအဗ္ဗဒူလ်ဝါဟပ်-ဒေါ်ဗသွလ်ဘီ)တို့၏သားကြီး၊ ဒေါ်ဘီဘီ၏ ခင်ပွန်း၊ ဦးအေဟိုက်-ဒေါ်ခင်မာလွင်၊မရဲနာပ်စ် (ခ)မသီဂိ (Prime Trading Erterprise)၊ မောင်နအင်မ်၊ မရှာဟင်(ခ)မမာလာ (Vimpex Co., Ltd)၊ မောင်နဒင်မ်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁-၂-၂၀၀၄ရက်မွန်းလွဲ၂း၄၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့မဂ္ဂရစ်နမာဇ်အပြီးတွင် ရေဝေးကဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းတင်(ပဲခူး)
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူဝင်း၊ ကျိုင်းတုံမြို့နေ ရဲအုပ်တင်လှိုင်(ယာဉ်ထိန်းတာဝန်ခံ) -ဒေါ်သန်းသန့်ဝင်းတို့၏မိခင်၊ မအိမင်းသော်၊ မောင်အောင်ခန့်-မရီမွန်အောင်၊ မနှင်းဆီခင်၊ မောင်ဝေယံအောင်၊မလမင်းမိုမိုသာ၊ မဇူးဇူးအောင်တို့၏ဘွားဘွားကြီးသည် ၃၁-၁-၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂-၂-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၃၊စာတည်းများ၂၉၁၈၃၂၊ သတင်းထောက်မှူး၂၉၁၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၁၈၃၀၊ ကော်ဖြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများနှင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေ့ဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပြီးပန်း၊ရေချမ်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ရေစက်ချ မင်္ဂလာအခမ်းအနားကို နံနက်၇နာရီ၁၅မိနစ်တွင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်ကအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ ၁၉၇၃၃၁

တွေ့ဆုံနှုတ်ဆက်

ဖေဖော်ဝါရီ ၅ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးလောမားခေါင်းဆောင်သော မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသားအဖွဲ့များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-၃) (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင် ရောဝတီတိုင်းက မန္တလေးတိုင်းကို အချိန်ပိုတွင် ရှုံးနိုင်ဖြင့်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် ရောဝတီတိုင်းနှင့် မန္တလေးတိုင်းတို့၏ ပွဲစဉ်ကို ယနေ့ညနေ၃နာရီက လှူငယ်လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ ကျင်းပရာ ရောဝတီတိုင်းအသင်းက အချိန်ပိုတွင် ရှုံးဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရောဝတီတိုင်းအသင်း **နှစ်ဂိုး။**

[စစိုးစံနှင့် ရာဇာစိုး (ပိုင်နယ်တီရှုံးဂိုး)]

မန္တလေးတိုင်းအသင်း **တစ်ဂိုး။**

(ဝဏ္ဏဖေယျာလွင်) **စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ➪**